ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ စနေနေ့၊ (21-1-2012) (၇၀၁၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ကျွန်တော်တို့ဟာ ပြည်သူလူထုရဲ့ဆန္ဒတွေကို လိုက်လျောပြီး ယခုလို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ကိုယ့်တိုင်းပြည်ကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ရှိစေချင်တယ်။ နောက်တစ်ခါ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်စေချင်တယ်။ ဒါဟာ ယနေ့ပြည်သူတွေရဲ့ဆန္ဒပဲ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အဲဒီဆန္ဒတွေကိုလိုက်လျောပြီး ပြုပြင်ပြောင်းလဲမှုတွေကို အခုလို လုပ်ဆောင်နေတာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် The Washington Post မှ အကြီးတန်းအယ်ဒီတာ Ms. Eizabeth Graham Weymouth အား လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် The Washington Post မှ အကြီးတန်းအယ်ဒီတာ Ms. Eizabeth Graham Weymouth ၏ မေးမြန်းချက်များကို လက်ခံဆွေးနွေးဖြေကြား

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် The Washington Post မှ အကြီးတန်းအယ်ဒီတာ Ms. Eizabeth Graham Weymouth နှင့် အဖွဲ့အား ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်တို့ ၁-၁၂-၂၀၁၁ ရက်နေ့က တွေ့ဆုံကြစဉ်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့လည်း တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့် The Washington Post တို့၏ မေးမြန်းချက်နှင့် ဆွေးနွေးဖြေကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်သမ္မတ ။ ခင်ဗျားကို ကြိုဆိုပါတယ်။ ဝါရှင်တန်ပို့စ်သတင်းစာဟာ အင်မတန်အရှိန်အဝါကြီးတဲ့ သတင်းစာကြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့ ပြည်ပမီဒီယာနဲ့ အခုလို လက်ခံတွေ့ဆုံတာ ဒါပထမဦးဆုံးအကြိမ်ပါပဲ။ ကျွန်တော်နဲ့အတူ နိုင်ငံခြားရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး၊ အလုပ်သမားဝန်ကြီးတို့ပါ ပါဝင်ပါတယ်။ ခင်ဗျားကို မီဒီယာသမားတစ်ယောက်အပြင် မြန်မာနိုင်ငံကို အလည်အပတ်လာရောက်လေ့လာတဲ့ ဧည့်သည်တစ်ယောက်အနေနဲ့ အခုလို လက်ခံတွေ့ဆုံတာဖြစ်ပါတယ်။

Washington Post ။ ကျွန်မ အင်တာဗျူးလုပ်တဲ့အခါ မေးခွန်းတွေကို များများမေးလေ့ရှိပါတယ်။ အထူးသဖြင့် သမ္မတကြီးမှ ဦးစီးဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စများနှင့်ပတ်သက်ပြီး မေးခွန်းများ မေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

နိုင်ငံတော်သမ္မတ ။ မေးတဲ့မေးခွန်းများအပေါ် ဖြေသွားပါ့မယ်။ ပြီးတော့ အကြောင်းအရာတစ်ခုအပေါ်မှာ မရှင်းလင်းတာရှိရင်လည်း ထပ်ပြီးတော့ မေးလို့ပြုလို့ရပါတယ်။

Washington Post ။ မေးခွန်းများ စပြီးမေးပါမယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများနဲ့ပတ်သက်ပြီး တစ်ကမ္ဘာလုံးက စိတ်ဝင်တစားရှိလာပါတယ်။ အထူးသဖြင့် နိုင်ငံရေးသမားများလွှတ်ပေးခြင်း၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးလာခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ အပစ်အခတ်ရပ်စဲခြင်းတို့အပေါ်မှာ နိုင်ငံတကာက စိတ်ဝင်တစားစောင့်ကြည့်နေပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံအတွင်း ဒီလိုပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ဖို့ ဘယ်လိုအကြောင်းအရာတွေက အရင်းခံတွန်းအားပေးခဲ့တယ်ဆိုတာ သိလိုပါတယ်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**☆

ကြေးမုံစာတည်းရှုထောင့် ၂၁-၁-၂၀၁၂[စနေနေ့]။

စိတ်ကူးကို အကောင်အထည်ဖော်ဖို့

မြန်မာနိုင်ငံ၏ မြို့ပြရထားလုပ်ငန်း ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်ရှိ ပတ္တမြားခန်းမ၌ ဇန်နဝါရီ ၁၇ ရက် နံနက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် ဂျပန်နိုင်ငံ ပို့ဆောင်ရေးကော်ပိုရေးရှင်း အဖွဲ့အစည်းတို့ ပူးပေါင်းစီစဉ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများ၏ မြို့ပြရထားလုပ်ငန်း ပုဂ္ဂလိကပိုင် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံနှင့် အခြေအနေများ၊ ရထားလုပ်ငန်းစီမံကိန်းများ၏ ငွေကြေးဆိုင်ရာ ဆန်းစစ်ချက်များ၊ ဂျပန်နိုင်ငံ ရထားလုပ်ငန်း၏ ကြွေးမြီပြဿနာအခက်အခဲများ ဖြေရှင်းမှုနှင့် ရထားလုပ်ငန်းပုဂ္ဂလိကပိုင် ပြုလုပ်ခဲ့ပုံအဆင့်ဆင့်တို့ကို ဆွေးနွေးသွားခဲ့ကြသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ မြို့ပြရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများကို ဖော်ဆောင်နိုင်မည့် အခြေအနေကောင်းများပင် ဖြစ်သည်။

ဟိုယခင် တစ်ခေတ်တစ်ခါ ၁၉၅၉ ခုနှစ်ကတည်းက ရန်ကုန်မြို့ ဆင်ခြေဖုံးရှိ ပြည်သူများသာမက မြို့တွင်းပြည်သူများပါ မြို့ပတ်ရထားကို အားထားစီးနင်းခဲ့ကြသည်။ ထိုစဉ်က အရှေ့တောင်အာရှတွင် မြို့ပတ်ရထားသည် မြန်မာပြည်၌သာ ရှိခဲ့သည်မှာ ဂုဏ်ယူစရာဖြစ်ခဲ့၏။ ယနေ့ ထိုနိုင်ငံများ၏ မြို့ပတ်ရထား၊ ခါတ်ရထားများမှာ စိတ်ချမ်းမြေ့စရာ ဖြစ်နေ၏။ မိမိတို့နိုင်ငံသည်လည်း နိုင်ငံဖွံ့ထွားလာမှုနှင့်အတူ တစ်နေ့ ဤသို့ပြန်လည် မျှော်လင့်နိုင်၏။

မီးရထားကြီးမှာ သူ၏တာဝန်ကို ကျေပွန်ခဲ့ပါ၏။ ခရီးသွားပြည်သူတို့ လိုရာခရီးရောက်အောင် ပို့ဆောင်ပေးခဲ့ပါ၏။ သို့ရာတွင် ခေတ်စနစ်တို့သာ ပြောင်းလဲပါသော်လည်း သူ၏ဘဝမှာ မပြောင်းလဲခဲ့ပါ။ အချိန်ကာလကြာမြင့်မှု၊ ခရီးသွားများ စည်းကမ်းမရှိမှု၊ ထိန်းသိမ်းမှုအားနည်းမှု စသည့် အကြောင်းများကြောင့် တစ်စတစ်စ ယိုယွင်းလာခဲ့၏။ ရထားစီးခရီးသွားများမှာ ဈေးနှုန်းသက်သာသည့် ရထားကိုသာ ဆက်လက်အားထားခဲ့၏။ ယနေ့ ထက်တိုင် နေ့စဉ် ခေါက်ရေ ၂၀၀ ခန့်ကို ငါးမိနစ်ခြားတစ်ခါ မမောနိုင်မပန်းနိုင် ပို့ဆောင်ပေးခဲ့၏။ ယခုမြို့ပတ်ရထားအိပ်မက် ပေါ်လာရ၏။

ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းမှာ ကောင်းမွန်ပါ၏။ ပြည်သူများမျှော်လင့်သော ဈေးနှုန်းဖြစ်ဖို့တော့ လိုပါ၏။ ရှေ့တွင် သင်ခန်းစာများလည်း တွေ့ခဲ့သည်။ နိုင်ငံအတွေ့အကြုံများလည်း ဖလှယ်ခဲ့သည်။ ချမ်းသာသည့် နိုင်ငံများတွင်ပင် ကြွေးမြီပြဿနာရှိသည်။ ဈေးနှုန်းသက်သာရေးကိုသာ ဦးတည်၍ အခက်အခဲများကို ဖြေရှင်းကြရန်သာ ဖြစ်သည်။ နိုင်ငံတကာတွင် ကျင့်သုံးသောကတ်စနစ်သည် ကောင်းမွန်လှ၏။ ဝင်ငွေအဟောသိကံမဖြစ်။ ခရီးသည်များမှာ များလှသဖြင့် စိပ်စိပ်စီး၊ များများထွက်၊ နည်းနည်းယူ မျှတသည့်မူသည် အကောင်းဆုံးဖြစ်၏။

ဘူတာ၊ လမ်းပိုင်း၊ တွဲများမှအစ ကောင်းဖို့လို၏။ ပြည်သူအများ စိတ်ချမ်းမြေ့စေခြင်းသည် အလွန်မွန်မြတ်သော အသက်မွေးဝမ်းကျောင်းမှုသာဖြစ်၏။ ရန်ကုန်မြို့၏ လူဦးရေသည် တစ်နေ့တခြား တိုးပွားလျက်ရှိသည်။ ယာဉ်ကြောပိတ်ဆို့မှု၊ ကားကျပ်မှုတို့အတွက် မြို့ပတ်ရထားသည် ထွက်ပေါက်ဖြစ်သည်။ တစ်ဦးတည်းစွမ်းဆောင်၍ မအောင်မြင်နိုင်၊ ပူးပေါင်းဆောင်ရွက်ဖို့လိုမည်။ လက်ငင်းအကျိုးထက် ရေရှည်အကျိုးကို မျှော်ကိုးဖို့လည်း လိုမည်။ အားလုံးမနိုင်လျှင် အဆင့်လိုက်လုပ်ဆောင်မည်။ မည်သည့်စနစ်ဖြင့် လုပ်သည်ဖြစ်စေ အခြေခံလူတန်းစား ပြည်သူများ၏ မျှော်လင့်ချက်သည် အရေးကြီးပါသည်။

မည်သို့ပင်ဆိုစေကာမူ မြို့ပတ်ရထားစနစ်သည် တစ်ကြိမ်တည်းနှင့် ခရီးသည်အမြောက်အမြား သယ်ယူပို့ဆောင်နိုင်မှု၊ သက်သောင့်သက်သာရှိမှု၊ အချိန်မြန်ဆန်မှု စသည်တို့ကြောင့် နိုင်ငံတကာတွင် မြို့ပတ်ရထား၊ မြေအောက်ရထား၊ မိုးပျံရထားစီမံကိန်းများကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နှင့်အညီ အနာဂတ်ကို မြော်တွေး၍ စိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်ဖို့၊ ပြည်သူများ မျှော်လင့်အားထားသော မြို့ပတ်ရထားစီမံကိန်း အောင်မြင်စေဖို့ ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြဖို့လိုပြီဟု ဆန္ဒပြုလိုက်ရပါသည်။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

တူရကီသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ တူရကီသမ္မတနိုင်ငံသမ္မတ မစ္စတာအဗ္ဗဒူလာဂျူးလ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ တူရကီပြည်သူများ၏ကိုယ်စားအားဖြင့် လည်းကောင်း၊ ဂုဏ်အနေဖြင့် လည်းကောင်း အဆွေတော်သမ္မတကြီးနှင့်တကွ မြန်မာပြည်သူပြည်သားများကို ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါကြောင်း။

ကျွန်ုပ်တို့နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားကိုအခြေခံ၍ နှစ်နိုင်ငံအကြား ဆက်ဆံရေးကို တိုးတက်ခိုင်မြဲစေရန် ဆန္ဒပြုပါကြောင်း။

အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ မြန်မာပြည်သူပြည်သားအားလုံး တိုးတက်ကြီးပွားကြ၊ စီးပွားတိုးတက်ကြပါစေရန်လည်း ဆန္ဒပြုပါကြောင်းဟု ဖော်ပြပါရှိသည်။

ယူကရိန်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ယူကရိန်းပြည်သူများ၏ကိုယ်စားအားဖြင့် လည်းကောင်း၊ ဂုဏ်အနေဖြင့် လည်းကောင်း ဝမ်းမြောက်ဂုဏ်ယူပါသည်ဟု ပြောကြားလိုပါကြောင်း။

နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးစွာတည်ရှိသော ဆက်ဆံရေးသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု ယုံကြည်ပါကြောင်း။

အဆွေတော်သမ္မတကြီး ကျန်းမာချမ်းသာ၍ တာဝန်ဝတ္တရားများကို ဆတက်ထမ်းပိုး အောင်မြင်စွာထမ်းဆောင်နိုင်ပါစေရန် ဆန္ဒပြုပါကြောင်း၊ မြန်မာပြည်သူပြည်သားအားလုံး စည်ပင်ဝပြောပါစေရန် ဆုတောင်းပါကြောင်းဟု ဖော်ပြပါရှိသည်။

ပေါ်တူဂီသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပေါ်တူဂီသမ္မတနိုင်ငံသမ္မတ မစ္စတာ အာနီဘယ်ကာဗာကိုဆီးလ်ဗာက ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်သမ္မတကြီးအား ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း။

မြန်မာပြည်သူပြည်သားအားလုံး စည်ပင်ဝပြောစေရန် ဆုတောင်းအပ်ပါကြောင်းဟု ဖော်ပြပါရှိသည်။

ဦးရာမ-(ဒေါ်လှသင်)တို့အား အမှူးထား၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဦးမြင့်အေး-ဒေါ်သန်းကြင် ညီအစ်ကို မောင်နှမတစ်စုနှင့် သမီး မဇာခြည်ဝင်း၊ သား မောင်သန့်ဇင်တို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၃၆ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

နေပြည်တော် ဇန်နဝါရီ ၂၀

မီးဘေး ကြိုတင် ကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြ ငြိမ်းသတ်ခြင်းကို ဇန်နဝါရီ ၁၆ ရက်က နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၌ ကျင်းပရာ တိရစ္ဆာန်ဥယျာဉ်မန်နေဂျာ ဦးခင်မောင်လတ်၊ ဦးတင်နိုင်နိုင်ထူးနှင့် ဇေယျာသီရိမြို့နယ် မီးသတ်စခန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်သူရကျော်တို့က ဥယျာဉ်လုံခြုံရေးဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးကို လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(ယာပုံ)**

(ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၀ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၅၆၅၀	၀. ၀၃၁၆၈
တရုတ် (ယွမ်)	၆. ၃၁၆၄၀	၀. ၁၅၈၃၂
အိန္ဒိယ (ရူပီး)	၅၀. ၃၃၂၅	၀. ၀၁၉၈၇
မလေးရှား (ရင်းဂစ်)	၃. ၁၀၁၀၀	၀. ၃၂၂၄၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၅၇၉	၀. ၇၈၃၈၃
ဂျပန် (ယန်း)	၇၇. ၁၆၂၅	၀. ၀၁၂၉၆
တောင်ကိုရီးယား(ဝမ်)	၁၁၃၅. ၁၉	၀. ၀၀၀၈၈
ယူရို	၀. ၇၇၅၀၂	၁. ၂၉၀၃၀
ဗြိတိသျှ (ပေါင်)	၀. ၆၄၅၉၉	၁. ၅၄၈၀၀

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

နေ့လယ်ပိုင်း

၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၂။ အဖွင့်သီချင်း
၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၂၃)
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အမေများရဲ့ကောင်းကင် (မြင့်မြတ်၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို၊ မျိုးသန္တာထွန်း၊ ဇူးဇူးမောင်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဇော်မျိုး)**
၂း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၅၂)**

ညပိုင်း

၄း၀၃ ၁။ နိုင်ငံတော်သီချင်း
၄း၀၆ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၀ ၆။ သန့်စွာကိုင်လေစက္ကူငွေ
၄း၄၀ ၇။ အမျိုးသားရေးတေးကဗျာ
၄း၅၅ ၈။ ကုန်သွယ်သုတ
၅း၀၀ ၉။ အားလုံးရဲ့တာဝန်
၅း၁၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၁။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ စားဖိုဆောင်ချစ်သူ
၆း၄၀ ၁၅။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၄၃)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လူရွှင်တော်စတား
၂၂။ လျှပ်တစ်ပြက်
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၈)**
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၁၄)**

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

မြန်မာ-မလေးရှား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအလားအလာများ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Ahmad Faisal Muhamad သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် မလေးရှား နှစ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအလားအလာများကို ဆွေးနွေးကြသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့်ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ ဇန်နဝါရီ ၂၀ ရက်တွင် ဦးစောဝင်းထွန်း အပါအဝင် ပုဂ္ဂိုလ် ၁၈ ဦးက **တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ(T.N.D.P)**ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ (သတင်းစဉ်)

စာရင်းကိုင်(၄) လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၂) ဆင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စာရင်းကိုင်(၄) လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးခန်းမ၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်ဇော်က သင်တန်းတွင် ပထမဆုရ အမှတ်(၃) တည်ဆောက်ရေးမှ ဒေါ်သော်သော်ထွန်း၊ ဒုတိယဆုရ ဘူမိဗေဒဌာနခွဲမှ ဒေါ်မေသွင်ဖြိုးနှင့် တတိယဆုရ အမှတ်(၄)တည်ဆောက်ရေးမှ ဦးညီညီမောင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဟန်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများကိုယ်စား စက်မှု/လျှပ်စစ်တပ်ဆင်ရေးဌာနခွဲမှ ဒေါ်သူဇာမျိုးအောင်ထံ ပေးအပ်သည်။ အဆိုပါသင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် စာရင်းကိုင်(၄) လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၂)သင်တန်းတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် အောင်ပန်းမြို့နှင့် ကလောမြို့ ရေပေးဝေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းတို့ လိုက်ပါလျက် အောင်ပန်းမြို့နှင့် ကလောမြို့ ရေပေးဝေမှုအခြေအနေများကို ဇန်နဝါရီ ၁၈ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အောင်ပန်းမြို့ပေါ် ရပ်ကွက် ၁၂ ရပ်ကွက်ရှိ ၅၂၀၆ အိမ်တို့သို့ တစ်နေ့ ရေလိုအပ်ချက် ၅၂၈၄၂၀ ဂါလန်ကို ရေထွက်ရေကန် နှစ်ကန်၊ အများသုံး ရေတိုင် ၈၇ တိုင်၊ အိမ်သွယ်ရေတိုင် ၁၂၇၆ တိုင်တို့ဖြင့် ရေပေးဝေလျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ ကလောမြို့ပေါ်ရပ်ကွက် ၁၁ ရပ်ကွက်ရှိ ၂၉၆၁ အိမ်တို့သို့ တစ်နေ့လျှင် ရေဂါလန် ၃၆၀၀၀၀ ကို ရေထွက်ရေကန် လေးကန်၊ အများသုံးရေတိုင် လေးတိုင်၊ အများသုံးရေကန် ၂၈ကန်၊ အိမ်သွယ်ရေတိုင် ၇၉၉ တိုင်တို့ဖြင့် ရေပေးဝေလျက်ရှိသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောမြို့ အနောက်တောင်ဘက် ၂ ဒသမ ၅ မိုင်အကွာ အမြင့်ပေ ၂၀၀ရှိ ရေအေးကန် ရေလှောင်တမံနှင့် ရေမီတာတပ်ဆင်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ညနေပိုင်းတွင် အောင်ပန်းမြို့စည်ပင်သာယာရေးရုံးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ဒေသခံပြည်သူများက အောင်ပန်းမြို့ ကုန်စည်ဒိုင်ဖွင့်လှစ်ရေး၊ ၂၄ နာရီ တက်ရောက်ကုသနိုင်မည့် စေတနာဆေးရုံတည်ဆောက်နိုင်ရေး၊ အဆင့်မြင့်ဈေး တည်ဆောက်ရေး၊ လမ်း၊ တံတားများ ကြံ့ခိုင်ကောင်းမွန်ရေး၊ မြို့သန့်ရှင်းသာယာလှပရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် အောင်ပန်းမြို့နှင့် ကလောမြို့တို့၌ ရေပေးဝေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မိတ္ထီလာမြို့ ဇောင်ချမ်းကုန်းရပ်ကွက် လမ်း၊ တံတားနှင့် ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့ ဇောင်ချမ်းကုန်းရပ်ကွက် လမ်း၊ တံတားနှင့် ဆိုင်းဘုတ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် အဆိုပါရပ်ကွက် မင်္ဂလာတံတားမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူတို့က မင်္ဂလာတံတားနှင့် မင်္ဂလာလမ်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ရပ်ကွက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဇောင်ချမ်းကုန်းလမ်းမှာ ယခင်က အကျယ် ၁၅ ပေသာရှိခဲ့ပြီး လမ်းအလျားမှာလည်း ပေ ၃၀၀ သာ ရှိခဲ့သည်။ ယင်းလမ်းကို ဇောင်ချမ်းကုန်းရပ်ကွက် ဆရာတော် ဘဒ္ဒန္တ အရှင်ခေမ္မေသိက က ငွေကျပ် ၂၅ သိန်း၊ ရပ်ကွက်လူထုက ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် သိန်း ၄၀ အကုန်အကျခံကာ လမ်းအကျယ် ၂၇ ပေ၊ အရှည်ပေ ၁၀၀၀ အထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သာကေတမြို့နယ် အမက(၂၁)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ တတိယတန်း(ဂ)မှ ပထမဆုနှင့် ဘာသာစုံထူးချွန် ပထမဆု ရရှိသော မယမင်းအေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းမြင့် ဆုချီးမြှင့်စဉ်။

(ပညာရေး)

အမျိုးသားမြို့ပြအိမ်ရာကုန်စည်ပြပွဲ လေ့လာကြည့်ရှုသူများပြား

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ၏ မြို့ပြအိမ်ရာအဆောက်အအုံဖွံ့ဖြိုးမှုကို ပေါ်လွင်စေသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းပါဝင်ပြသသည့် အမျိုးသားကုန်စည်ပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဇန်နဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ပြသလျက်ရှိသည်။

ပြပွဲတွင် ပရိသတ်များက အထပ်မြင့်၊ အထပ်နိမ့်၊ လုံးချင်းအဆောက်အအုံများ၊ ကွန်ဒိုမီနီယံတိုက်ခန်းများကို လေ့လာကြည့်ရှုကြရာ ပြပွဲကာလအတွင်း သစ်လွင်လှပသော အိမ်ရာများကို ငါးရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ချလျက်ရှိသည့် Father Land ပြခန်းပါဝင်ပြီး ပရိသတ်များက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ အဆိုပါပြခန်းမှာ အရည်အသွေးကောင်းမွန်သဖြင့် ဂျာမနီနိုင်ငံမှ ARCH OF EUROPE QUALITY AWARD ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မီးဘေးရှောင် မလောင်ခင်တား

ဇန်နဝါရီ ၁၅ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အမှတ်(၂၄) အခြေခံပညာ မူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် မြို့နယ်အဆင့် အင်္ဂလိပ်စာ တတိယဆုရရှိသူ မရွှေရည်မွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ထား ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ အင်အားလျှော့ချရေးအစီအစဉ်ကြောင့် ဂေါ်ရခါးတပ်ဖွဲ့ဝင် ၄၀၀ အလုပ်လက်မဲ့ဖြစ်ဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၂၀

ဗြိတိန်လက်နက်ကိုင်တပ်ဖွဲ့များအတွင်း အပိုအလျှံသဖွယ်ဖြစ်နေသော တပ်ဖွဲ့ဝင် ၄၀၀ ကို တာဝန်မှအနားပေးရန် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်ထားရာ ဗြိတိန်တပ်မတော်အတွင်း ပါဝင်သည့် ဂေါ်ရခါးတပ်ဖွဲ့ဝင် ရှစ်ပုံတစ်ပုံသည် အလုပ်အကိုင်ဆုံးရှုံးရမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၈ရက် သတင်းများတွင် ဖော်ပြသည်။

တပ်ခွဲတစ်ခွဲစာ အင်အားနှင့်ညီမျှသော ဂေါ်ရခါးတပ်ဖွဲ့ဝင် ၄၀၀ကျော်သည် အလုပ်အကိုင်များ ဆုံးရှုံးကြရမည့် ဗြိတိန်တပ်ဖွဲ့ဝင် ၂၈၀၀ထဲ၌ အပါအဝင်ဖြစ်လာမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဘုရင့်လေတပ်မတော်က တပ်ဖွဲ့ဝင် ၁၀၀၀ ကိုလည်းကောင်း၊ ရေတပ်က တပ်ဖွဲ့ဝင် ၅၀၀ ကိုလည်းကောင်း လျှော့ချသွားရန် ပြင်ဆင်လျက်ရှိသည်။

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသည် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များအတွင်းရှိ တပ်ဖွဲ့ဝင်များထံ မိမိတို့စိတ်ဆန္ဒအလျောက် တာဝန်မှအနားယူရန်ကမ်းလှမ်းထားသော ပုဂ္ဂိုလ်ရေး သတိပေးချက် ၁၄၀၀၀ ကို ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပေးပို့ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်လေးနှစ်ခန့်က ဗြိတိန်လက်နက်ကိုင်တပ်ဖွဲ့များအတွင်းရှိ ဂေါ်ရခါးတပ်ဖွဲ့ဝင်များ၏ စစ်မှုထမ်းသက်ကို ၁၅ နှစ်မှ ၂၂ နှစ်သို့ တိုးမြှင့်ပေးခဲ့ရာ ပိုလျှံတပ်ဖွဲ့ဝင်များ တာဝန်မှအနားယူရေး စီမံချက်အကျိုးဆက်ကို အင်အား ၃၄၀၀ ဖြင့် ဖွဲ့စည်းထားသော ဂေါ်ရခါး တပ်မဟာမှာ ပိုမိုခံစားရဖွယ်ရှိသည်။

ဂေါ်ရခါးတပ်ဖွဲ့ဝင်အားလုံးနီးပါးသည် စစ်မှုတာဝန်ကို ဆက်လက်ထမ်းဆောင်ရန် ရွေးချယ်ခဲ့ကြရာ အင်အားကြီးထွားလာသော ဂေါ်ရခါးတပ်မဟာအား ပုံမှန်အင်အားအတိုင်း ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အင်တာနက်

ဗြိတိန်တပ်မတော်၌ တာဝန်ထမ်းဆောင်နေသော ဂေါ်ရခါးတပ်ဖွဲ့ဝင်(ဝဲ) တစ်ဦးကို တွေ့ရစဉ်။

ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆေးဝါးအတုများ အာဖရိကနိုင်ငံအချို့တွင် တွေ့ရှိ

ကိပ်တောင်း ဇန်နဝါရီ ၂၀

ငှက်ဖျားရောဂါတိုက်ဖျက်ရေး ဆေးဝါးအတုများနှင့် အရည်အသွေးမမီသောဆေးဝါးများသည် အာဖရိကတိုက်၏ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို ခြိမ်းခြောက်လျက်ရှိပြီး လူသန်းပေါင်းများစွာ၏ အသက်ကို အန္တရာယ်ပေးနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များကပြောကြားကြကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းတွင် ဖော်ပြထားသည်။

ငှက်ဖျားတိုက်ဖျက်ရေးဆေးဝါးအတုများသည် လူနာများစွာကို အန္တရာယ်ဖြစ်စေနိုင်ပြီး ငှက်ဖျားရောဂါပိုးများ၏ ဆေးယဉ်ပါးမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း ဝဲကမ်းထရပ်(စ်)အမည်ရှိ ဆေးဝါးသုတေသနအဖွဲ့အစည်း၏ လေ့လာချက်တွင် သတိပေးထားသည်။

ငှက်ဖျားရောဂါကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူပေါင်း ရှစ်သိန်းခန့်သေဆုံးရလေ့ရှိသည်။ အချို့သောဆေးဝါးအတုများမှာ တရုတ်နိုင်ငံမှဝင်ရောက်သော ဆေးဝါးများ ဖြစ်နိုင်ဖွယ်ရှိသည်။ ဝဲကမ်းထရပ်(စ်)၊ မာဟိုဆော့(တ်)ဆေးရုံနှင့် အောက်(စ်)ဖို့တက္ကသိုလ် အပူပိုင်းဒေသ ဆေးဝါးကျွမ်းကျင်သူများအဖွဲ့တို့မှ သုတေသီများပူးပေါင်း၍သုတေသနပြုလုပ်ခဲ့ကြကြောင်း ငှက်ဖျားရောဂါဂျာနယ်တွင် ဖော်ပြသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်တွင် ပြင်သစ်တပ်ဖွဲ့ဝင်လေးဦး အသတ်ခံရ

ကဘူး ဇန်နဝါရီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံတွင် အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး ဖြစ်သည်ဟုဆိုသော လူတစ်ဦးက နိုင်ငံအရှေ့မြောက်ပိုင်း၌ တပ်စွဲထားသည့် နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့မှ ပြင်သစ်စစ်သည်လေးဦးကို ပစ်သတ်ခဲ့ကြောင်း သောကြာနေ့ ပရက်(စ်)တီဗွီသတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်တွင် ပြင်သစ်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်။

ဓာတ်ပုံ-အင်တာနက်

မြို့တော်ကဘူး၏ အရှေ့မြောက်ဘက် ၄၉၇မိုင်ခန့်ကွာဝေးသော ကာပီစာပြည်နယ် တာဂက်ခရိုင်၌ သောကြာနေ့ ဒေသစံတော်ချိန် နံနက် ၈နာရီခန့်တွင် အဆိုပါ ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ပစ်ခတ်သူမှာ အာဖဂန် စစ်ဝတ်စုံဝတ်ဆင်ထားသည့် အာဖဂန်လူမျိုးတစ်ဦးဖြစ်ကြောင်း အမည်မဖော်လိုသူ လုံခြုံရေးအရာရှိတစ်ဦးက ပြောသည်။

ယင်းဖြစ်စဉ်တွင် ဒဏ်ရာရရှိသူ ၁၆ဦးရှိသည်ဟုဆိုသည်။

၂၀၁၄ခုနှစ်တွင် အာဖဂန်နစ္စတန်မှ ၎င်း၏တပ်ဖွဲ့အားလုံးကို ပြန်လည်ရုပ်သိမ်းရန် ပြင်သစ်အစိုးရက စီစဉ်လျက်ရှိပြီး ယင်းအချိန်၌ ၎င်းတို့၏လုံခြုံရေးတာဝန်များကို အာဖဂန်အစိုးရတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်မည်ဟု မျှော်လင့်ထားသည်။

အမေရိကန်ဦးဆောင်၍ အာဖဂန်နစ္စတန်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၁ ခုနှစ် အောက်တိုဘာလကတည်းက ပြင်သစ်တပ်ဖွဲ့ဝင်များ သေဆုံးခဲ့သည်မှာ စုစုပေါင်း ၇၈ ဦးရှိပြီဟု အင်တာနက် ဝက်ဘ်ဆိုက်တစ်ခုက ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပြင်သစ်တပ်ဖွဲ့ဝင် ၄၀၀၀က အမေရိကန်ဦးဆောင်သည့် စစ်ဆင်ရေးများကို အထောက်အကူပေးနေသည်ဟုဆိုသည်။ **အင်တာနက်။**

ရှန်ဂရီလာဟိုတယ်အုပ်စု ငါးမန်းဆူးတောင်ဟင်းချိုရောင်းချမှု ရပ်ဆိုင်းမည်

ဟောင်ကောင် ဇန်နဝါရီ ၂၀

တရုတ်နိုင်ငံရှိ ဇိမ်ခံဟိုတယ်လုပ်ငန်းကုမ္ပဏီဖြစ်သော ရှန်ဂရီလာဟိုတယ်အုပ်စုက နိုင်ငံအသီးသီး၌ ဖွင့်လှစ်ထားသော ဟိုတယ် ၇၂လုံး၌ ငါးမန်းဆူးတောင်ဟင်းချိုရောင်းချမှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၉ရက်တွင် ထုတ်ပြန်ကြေညာသည်။

ရေနေအသားစားသတ္တဝါများအား ကာကွယ်စောင့်ရှောက်ရေး လှုံ့ဆော်မှုတစ်ရပ်အနေဖြင့် မိမိတို့၏ဟိုတယ်များ၌ ငါးမန်းဆူးတောင်ဟင်းချိုရောင်းချမှုကို ချက်ချင်းရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ဟောင်ကောင်အခြေစိုက် ရှန်ဂရီလာအုပ်စုက ပြောကြားသည်။

ငါးမန်းဆူးတောင်ဟင်းချိုသည် အာရှနိုင်ငံများ၌ ရှားပါးစားသောက်ကုန်တစ်ခုအဖြစ် သတ်မှတ်ထားကြသည်။ မင်္ဂလာပွဲများနှင့် စီးပွားရေးမိတ်ဆုံစားပွဲကြီးများ၌ ယင်းဟင်းလျာကို တည်ခင်းဧည့်ခံလေ့ရှိသည်။ ကမ္ဘာ့ငါးမန်းဆူးတောင်ဈေးကွက်၏ ၅၀ရာခိုင်နှုန်းအထိ ဟောင်ကောင်တွင် ရောင်းဝယ်ကြခြင်းဖြစ်သည်။

နှစ်စဉ် ငါးမန်းကောင်ရေ ၇၃သန်းအထိ သတ်ဖြတ်ခံနေရသည်။ ဟောင်ကောင်တွင် လွန်ခဲ့သောဆယ်စုနှစ်များက နှစ်စဉ်တန်ချိန် ၁၀၀၀၀ အထိ ဝယ်ယူတင်သွင်းခဲ့သည်။ **အင်တာနက်။**

ဟောင်ကောင်ရှိ ငါးမန်းဆူးတောင် စားသောက်ကုန်ရောင်းချသော ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။ *ဓာတ်ပုံ-အင်တာနက်*

ဆိုမာလီယာ၌ နှစ်ပေါင်း၂၀အတွင်း ပထမဆုံးရေနံတွင်းတူးဖော်

မိုဂါဒစ်ရှူး ဇန်နဝါရီ ၂၀

ပြည်တွင်းစစ်ဒဏ်ခံနေရသော ဆိုမာလီယာနိုင်ငံ၌ နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးရေနံတွင်းကို ကနေဒါစွမ်းအင်ကုမ္ပဏီတစ်ခုက စတင်တူးဖော်ခဲ့ကြောင်း ဇန်နဝါရီ ၁၉ရက် သတင်းများတွင် ဖော်ပြထားသည်။

ဆိုမာလီယာနိုင်ငံ၏ နှစ်ပေါင်း ၂၀အတွင်း ပထမဆုံးသော ရေနံတွင်းကို ကနေဒါနိုင်ငံမှ ဟွန်းရေနံကော်ပိုရေးရှင်းက ပွန့်သ်လန်းခဲ့ထွက်ဒေသရှိ ရေနံရှာဖွေရေးလုပ်ကွက်တစ်ခု၌ တူးဖော်ခဲ့ခြင်းဖြစ်သည်။

ပွန့်သ်လန်းခဲ့ထွက်ဒေသရှိ ရှာဘေးလ်-1အမည်ရှိ ရေနံတွင်း၌ ဇန်နဝါရီ ၁၆ရက်တွင် ကျင်းပခဲ့သော ရေနံစတင်တူးဖော်မှုအခမ်းအနားသို့ ပွန့်သ်လန်းသမ္မတ အက်ဘ်ဒီရာမန်မိုဟာမက်ဖာရိုး တက်ရောက်ခဲ့သည်။

ရေနံတွင်းသစ်တူးဖော်နိုင်မှုကြောင့် ပွန့်သ်လန်းဒေသမှ ပညာတတ်လူငယ်လူရွယ်များအနေဖြင့် အလုပ်လက်မဲ့ ပြဿနာနှင့် ကြုံတွေ့ရတော့မည်မဟုတ်ကြောင်း သမ္မတ အက်ဘ်ဒီရာမန် မိုဟာမက်က ပြောကြားခဲ့သည်။

ယင်းအပြင် သာမန်အလုပ်သမားများအပါအဝင် လူတိုင်းသည် ရရှိသင့်သောအခွင့်အရေးများ ရရှိလာမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ရေနံတူးဖော်ရေးလုပ်ငန်းကို အကာအကွယ်ပေးရန်အတွက် လုပ်ငန်းခွင်တည်ရှိရာနေရာ၌ လုံခြုံရေးတင်းကျပ်စွာချထားပြီး လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် တပ်ဖွဲ့ဝင်ရာပေါင်းများစွာကို ဖြန့်ကြက်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

ကနေဒါ၌ သူလျှိုပြုလုပ်ဖွယ်ရှိမှုဖြင့် ရုရှားသံတမန်လေးဦးကို ပြည်နှင်ဒဏ်ပေးဟုဆို

အော်တဝါ ဇန်နဝါရီ ၂၀

ပြည်ပနိုင်ငံတစ်နိုင်ငံသို့ လျှို့ဝှက်သတင်းအချက်အလက်များ ပေါက်ကြားစေမှုဖြင့် ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးကို လွန်ခဲ့သည့်ရက်သတ္တပတ်ကုန်၌ ဖမ်းဆီးလိုက်ပြီးနောက် ရုရှားသံတမန်လေးဦးကို ကနေဒါအစိုးရက ပြည်နှင်လိုက်ကြောင်း ကနေဒါနိုင်ငံတွင် ထုတ်ဝေသော သတင်းစာတစ်စောင်က ဇန်နဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြသည်။

ရုရှားလူမျိုးသံတမန်လေးဦးကို ကနေဒါအစိုးရက တရားဝင်အသိအမှတ်ပြုထားသော သံတမန်များအမည်စာရင်းမှ ဖယ်ရှားလိုက်ကြောင်း ကနေဒါနိုင်ငံ၌ထုတ်ဝေသော ဂလုပ်အင်မေးလ်သတင်းစာက ရေးသားဖော်ပြသည်။

ရုရှားသံတမန်များအနက် အချို့မှာ သူလျှိုပြုလုပ်မှုစွဲချက်ဖြင့် ပြည်နှင်ဒဏ်ခံခဲ့ရကြောင်း ကနေဒါ အသံလွှင့်ကော်ပိုရေးရှင်းက သတင်းထုတ်ပြန်သည်။

သို့ရာတွင် ရုရှားသံတမန်အချို့ ပြန်လည်ထွက်ခွာသွားခြင်းမှာ လုပ်ရိုးလုပ်စဉ်ဝန်ထမ်းများ အလှည့်ကျ တာဝန်ထမ်းဆောင်မှုပြုလုပ်နိုင်ရန်ဖြစ်ပြီး သူလျှိုပြုလုပ်မှုနှင့် ဆက်နွယ်မှုမရှိကြောင်း ရုရှားသံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစိုးရပြောရေးဆိုခွင့်ရှိသူများနှင့် ရုရှားသံရုံးတာဝန်ရှိသူများက ချက်ချင်းဝေဖန်ပြောဆိုခြင်းမရှိကြပေ။ လျှို့ဝှက်ချက် အက်ဥပဒေနှင့်ငြိစွန်းသော ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးမှာ ဂျက်ဖရီပေါလ်ဒဲလစ်လီဆိုသူဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အင်တာနက်။

အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂညီလာခံ ဟားမားစ်အဖွဲ့တက်ရောက်ခွင့်ရမှု အစ္စရေးမကျေလည်

ဂျေရုဆလင် ဇန်နဝါရီ ၂၀

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂသည် ၎င်း၏ ၂၀၁၂ ခုနှစ် ညီလာခံသို့ တက်ရောက်ရေးအတွက် ပါလက်စတိုင်းလက်နက်ကိုင်အဖွဲ့ ဟားမားစ်ကို ဖိတ်ကြားရန်ဆုံးဖြတ်ခဲ့ရာ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အဗစ်ဒေါလီဘာမင်က ဝေဖန်ခဲ့ကြောင်း ဇန်နဝါရီ ၁၇ ရက်သတင်းများတွင် ဖော်ပြသည်။

နိုင်ငံတကာအဖွဲ့အစည်းအသီးသီးကိုကြည့်ပါက ယင်းအဖွဲ့များ၌ မွတ်စလင်နိုင်ငံ ၅၇ နိုင်ငံနှင့် အစ္စရေးနှင့် မိတ်ဖက်မဟုတ်သော နိုင်ငံများကသာ အများစုဖြစ်၍ အဆိုပါနိုင်ငံများသည် အစ္စရေးဆန့်ကျင့်ရေးအမြင်အား စွဲကိုင်ထားကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက စွပ်စွဲပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ၏ ညီလာခံသို့ တက်ရောက်ရန် ဟားမားစ်အဖွဲ့မှ ပါလီမန်အဖွဲ့ဝင်သုံးဦးတို့သည် ဇန်နဝါရီ ၁၉ ရက် တွင် ဂါဇာကမ်းမြောင်မှ စတင်ထွက်ခွာသွားကြပြီဖြစ်သည်။

ဟားမားစ်လှုပ်ရှားမှုအဖွဲ့မှ ပါလီမန်အဖွဲ့ဝင်များ အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂညီလာခံသို့တက်ရောက်ခွင့်ရခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ဟားမားစ်အဖွဲ့၏ ပါလီမန်အဖွဲ့ဝင်များအပေါ် ကျူးလွန်ခဲ့သော အစ္စရေးအမျိုးသားရေး ဝါဒီ(ဇီယွန်ဝါဒီ)များ၏ ရာဇဝတ်မှုများကို အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂညီလာခံ၌ တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း ဂျီနီဗာမြို့သို့ ထွက်ခွာသွားသည့် ဟားမားစ်ပါလီမန်အဖွဲ့ဝင်များက သတင်းထုတ်ပြန်ခဲ့သည်။

အစ္စရေးနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ(အိုင်ပီယူ)မှ ချက်ချင်းနုတ်ထွက်ဦးမည် မဟုတ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ သို့ရာတွင် ဟားမားစ်အဖွဲ့ဝင်များအားညီလာခံသို့ ဖိတ်ကြားရန် အိုင်ပီယူအဖွဲ့က သဘောတူညီခဲ့သည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်း အစ္စရေးပါလီမန်လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

အင်တာနက်။

မိုဂါဒစ်ရှူးတွင်တိုက်ပွဲများပြင်းထန်၊ ဒါဇင်နှင့်ချီ၍ သေဆုံး

မိုဂါဒစ်ရှူး ဇန်နဝါရီ ၂၀

ဆိုမာလီနိုင်ငံ၏ မြို့တော် မိုဂါဒစ်ရှူးတွင် အယ်လ်ရှာဘတ်သူပုန်စခန်းများကို သိမ်းရန်အတွက် အာဖရိကသမဂ္ဂ(အေယူ)တပ်ဖွဲ့များ၏အကူအညီဖြင့် အစိုးရတပ်ဖွဲ့များသည် ထိုးစစ်အသစ်တစ်ရပ်ကို ဆင်နွှဲလျက်ရှိကြောင်း သောကြာနေ့ပရက်(စ်)တီဗွီကဖော်ပြသည်။

ဖြစ်ပွားခဲ့

အာဖရိကသမဂ္ဂတပ်ဖွဲ့(အေအမ်အိုင် အက်စ်အိုအမ်)၏ တင့်ကားများ၊ အမြောက်များ၏ ပစ်ခတ်ပေးမှုဖြင့် ဆိုမာလီအစိုးရတပ်ဖွဲ့များသည် အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများလက်ဝယ်မှ မိုဂါဒစ်ရှူးမြောက်ပိုင်း ဟီလီဝါနှင့် ဝွတ်ပတာရပ်ကွက်များအတွင်းသို့ ချင်းနင်းဝင်ရောက်စဉ် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

တိုက်ပွဲအတွင်းအနည်းဆုံး အရပ်သား ၃၉ ဦးနှင့် အစိုးရကြည်းတပ်မှ တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့သည်။

အေအမ်အိုင်အက်စ်အိုအမ်က ကြေညာချက်တစ်စောင် ထုတ်ပြန်ရာတွင် ဆိုမာလီမြို့တော်၏ မြောက်ပိုင်းရှေ့တန်းစစ်မျက်နှာကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်းအပြင် မိုဂါဒစ်ရှူးတက္ကသိုလ်နှင့် ဘာရာကက် သုသာန်နယ်မြေတို့ကိုလည်း ထိန်းချုပ်ထားနိုင်ပြီဟု ဆိုသည်။

သောကြာနေ့က ပြင်းထန်စွာရင်ဆိုင် တိုက်ခိုက်ကြသော တိုက်ပွဲသည် အယ်လ်ရှာဘတ်နှင့် အာဖရိကသမဂ္ဂ၊ အနောက်အုပ်စုတို့က ထောက်ခံအားပေးထားသည့် အစိုးရတပ်ဖွဲ့များအကြား ပြင်းထန်သော တိုက်ပွဲများအနက်မှ တစ်ခုဖြစ်သည်။

အင်တာနက်။

ဟန်ရှင်း မြေငလျင်ကြီးလှုပ်ခဲ့မှု (၁၇)နှစ်ပြည့်မြောက် အထိမ်းအမှတ်အခမ်းအနား ဂျပန်နိုင်ငံ၌ ကျင်းပ

အိုဆာကာ ဇန်နဝါရီ ၂၀

ဂျပန်နိုင်ငံ၌ ၁၉၉၅ခုနှစ်က ဟန်ရှင်းမြေငလျင်ကြီး လှုပ်ခဲ့မှု (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော ကိုဘေးမြို့၌ ဇန်နဝါရီ ၁၇ ရက်က ကျင်းပသည်။

လူပေါင်း ၆၄၃၄ ဦး သေဆုံးခဲ့ရသော ဟန်ရှင်းမြေငလျင်ကြီးလှုပ်ခဲ့မှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပြည်သူ ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ကိုဘေးမြို့ရှိ ဥယျာဉ်၌ ကျင်းပသော အဆိုပါအခမ်းအနားတွင် တက်ရောက်လာသူများက ယင်းမြေငလျင်ကြောင့် သေဆုံးခဲ့ရသူများနှင့် ဂျပန်နိုင်ငံအရှေ့ပိုင်း၌ လွန်ခဲ့သည့် ၁၀ လက ဖြစ်ပွားခဲ့သည့် မြေငလျင်ကြီးကြောင့် သေဆုံးခဲ့ရသူများအတွက် အောက်မေ့သတိရဆုတောင်းပွဲများ ပြုလုပ်ခဲ့ကြသည်။

ဒေသစံတော်ချိန် နံနက် ၅နာရီ ၄၆မိနစ်တွင် အခမ်းအနားသို့ တက်ရောက်လာသူများက ငြိမ်သက်စွာဖြင့် ဝတ်ပြုဆုတောင်းခဲ့ကြသည်။ ဂျပန်နိုင်ငံ ယိုကိုပြည်နယ်ရှိ မြို့ကြီးများနှင့် ကိုဘေးမြို့တို့၌ လွန်ခဲ့သည့် ၁၇နှစ်က မြေငလျင်လှုပ်ခဲ့သည့်အချိန်ကို အမှတ်အသားပြုကာ ဝတ်ပြုဆုတောင်းပွဲကို စတင်ခဲ့သည်။

မြေငလျင်ဘေးအန္တရာယ်ကို တွေ့ကြုံခဲ့ရသော ကိုဘေးမြို့၌ ပြန်လည်ထူထောင်ရေးနှင့် စိမ်းလန်းစိုပြည်ရေးစီမံကိန်းများကို အစိုးရက အကောင်အထည်ဖော်ခဲ့သည်။ ကိုဘေးမြို့၏ လက်ရှိလူဦးရေမှာ ၁၁ ဒသမ ၅သန်း ကျော်ရှိသည်။

ဆင်ဟွာ။

မြေငလျင်ဒဏ် ခံခဲ့ရပြီးနောက် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသော ကိုဘေးမြို့ကို တွေ့ရစဉ်။

အိန္ဒိယ၏ အကြီးကျယ်ဆုံးသော စာအုပ်ပွဲတော် ဂျေပူရ်မြို့၌ကျင်းပ

နယူးဒေလီ ဇန်နဝါရီ ၂၀

အိန္ဒိယနိုင်ငံ၏ အကြီးကျယ်ဆုံးသော စာအုပ်ပွဲတော်ကို ဂျေပူရ်မြို့၌ ဇန်နဝါရီ ၂၀ ရက်တွင် ဖွင့်လှစ်လိုက်သည်။

အဆိုပါစာအုပ်ပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် နာမည်ကျော်စာရေးဆရာ ဆယ်လ်မန်ရာရှဒီ စီစဉ်ထားခဲ့ရာ ၎င်းကိုလိုလားခြင်းမရှိသော မွတ်စလင်များက ကန့်ကွက်ဆန္ဒပြပွဲတစ်ရပ်ကိုကျင်းပရန် စီစဉ်ထားရာ လုံခြုံရေးတင်းကျပ်စွာဖြင့် စာအုပ်ပွဲတော်ကို ကျင်းပလျက်ရှိသည်။

အိန္ဒိယနိုင်ငံ ဂျေပူရ်မြို့၌ ကျင်းပသော စာအုပ်ပွဲတော်သို့ တက်ရောက်ရန် စီစဉ်ခဲ့သူရာရှဒီသည် ၎င်း၏အစီအစဉ်အတိုင်း တက်ရောက်နိုင်ခြင်းမရှိသဖြင့် ဆန္ဒပြပွဲကို ပြန်လည်ဖျက်သိမ်းခဲ့သည်။ ဗြိတိသျှလူမျိုးစာရေးဆရာ ရာရှဒီသည် ၁၉၈၈ ခုနှစ်က "မာရ်နတ်ဆိုး၏ကဗျာများ"အမည်ရှိ စာအုပ်ကို ထုတ်ဝေခဲ့သည်။ အဆိုပါ စာအုပ်ကို အိန္ဒိယနိုင်ငံ၌ ဖြန့်ချိရောင်းချခြင်းမပြုရန် ပိတ်ပင်ခဲ့သည်။

အသက် (၆၅) နှစ်အရွယ်ရှိ ရာရှဒီသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သားဖြစ်သည်။

အင်တာနက်။

ပိုလန်နိုင်ငံရှိ အသုံးမပြုတော့သော နျူကလီးယားစက်ရုံဟောင်းကို တွေ့ရစဉ်။

နျူကလီးယားစွမ်းအင်သုံးစွဲမှုဂျာမနီနိုင်ငံ လျှော့ချသွားမည်

ဘွန်း ဇန်နဝါရီ ၂၀

ဂျာမနီနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၌ နျူကလီးယားစက်ရုံများ တည်ဆောက်မည့် အစီအစဉ်သစ်များကို ကန့်ကွက်လျက်ရှိကြောင်း၊ ယင်းနိုင်ငံတွင် နျူကလီးယားစွမ်းအင်သုံးစွဲမှုကို တစ်ဆင့်စီလျှော့ချရန် စီစဉ်ထားကြောင်း ဂျာမန်သတင်းဌာနများက ဇန်နဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ၌ လွန်ခဲ့သည့်နွေဦးပေါက်ရာသီက အဏုမြူကပ်ဘေးဆိုက်ရောက်မှု ပေါ်ပေါက်ခဲ့ချိန်နောက်ပိုင်း နျူကလီးယားစွမ်းအင်သုံးစွဲမှုကို တစ်ဆင့်စီလျှော့ချသွားရန် ဂျာမနီအစိုးရက ရည်မှန်းထားသည်။

ဂျာမနီနိုင်ငံသည် နယ်သာလန်နှင့် ပိုလန်နိုင်ငံတို့ အပါအဝင် အိမ်နီးချင်းနိုင်ငံများ၌ နျူကလီးယားစက်ရုံတည်ဆောက်ရန် လိုလားခြင်းမရှိကြောင်း ဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်၏ အစိုးရအဖွဲ့က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အင်တာနက်။

အားကစားမြင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အေဝမ်းစိုး

တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်လှုပ်ရှားလျက်ရှိသည့် A PINK ပေါ့ပ်တေးဂီတအဖွဲ့

ကိုရီးယားလူငယ်ပျို ခုနစ်ဦးဖြင့် ဖွဲ့စည်းထားသော ပေါ့ပ်တေးဂီတအဖွဲ့ A PINK **(အောက်ပုံ)**သည် မကြာမီ ထွက်ရှိမည့် ၎င်းတို့၏ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်လှုပ်ရှားလျက်ရှိကြောင်း ယင်းတေးဂီတအဖွဲ့၏ ဖျော်ဖြေရေး အင်ဂျင်စီက ထုတ်ပြန်ကြေညာသည်။

A PINK အမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့ဝင်များသည် ၎င်းတို့၏ တေးအယ်လ်ဘမ်သစ်အတွက် တေးသီချင်းများ သီဆိုလေ့ကျင့်လျက် ရှိနေသော်လည်း အယ်လ်ဘမ်ထွက်ရှိမည့်ရက်ကို မသတ်မှတ်နိုင်သေးကြောင်း ဖျော်ဖြေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

A PINK တေးဂီတ အဖွဲ့ဝင်များသည် တေးအယ်လ်ဘမ်သစ်အတွက် လုံးပန်းနေရချိန်တွင် ၎င်းတို့၏ ဒုတိယမြောက် mini-album "Snow Pink" အရောင်းမြှင့်တင်ရေးလှုပ်ရှားမှုများကို အဆုံးသတ်တော့မည်ဖြစ်သည်။ Snow Pink တေးအယ်လ်ဘမ်မှ My My တေးသီချင်းမှာ လူကြိုက်များသည့် တေးသီချင်းဖြစ်ခဲ့သည်။

A PINK တေးဂီတအဖွဲ့ကို ဆန်နာအွန်၊ ယွန်ဘိုမင်၊ ပါ့ခ်ချိုအွန်း၊ ဂျောင်အန်ဂျီး၊ အိုဟာယောင်း၊ ကင်မ်နမ်ဂျူနှင့် ဟောင်ယူကျောင်းတို့ဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၀ ခုနှစ် ဧပြီလတွင် Seven Springs of A Pink တေးအယ်လ်ဘမ်ဖြင့် ကိုရီးယားပေါ့ပ်ဂီတလောကသို့ ဝင်ရောက်လာကြသူများ ဖြစ်သည်။

ယင်းတေးဂီတအဖွဲ့သည် အခြားကိုရီးယား ပေါ့ပ်တေးဂီတအဖွဲ့များနှင့် အတူ ပြည်ပဖျော်ဖြေပွဲများသို့လည်း သွားရောက် ဖျော်ဖြေခဲ့သည်။

အင်တာနက်။

အောင်မြင်မှုကို အလွယ်တကူနှင့် မရနိုင်ကြောင်း နားလည်လာသည့် နာအိုမီဝက်တ်စ်

ဟောလိဝုဒ်မင်းသမီး နာအိုမီဝက်တ်စ် **(ယာပုံ)** က အချိန်နှင့်အမျှ ကြိုးစားလုပ်ဆောင်နေသော်လည်း ဟောလိဝုဒ်ရုပ်ရှင်လောက၌ အရာရာတိုင်းအောင်မြင်မှုမရရှိနိုင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အော်စကာဆုနှင့် လွဲချော်ခဲ့သူ နာအိုမီဝက်တ်စ်က ဟောလိဝုဒ်ရုပ်ရှင်လောကတွင် အောင်မြင်မှုများရရှိရန် မျှော်လင့်ခဲ့သော်လည်း မသေချာမရေရာမှုများသာ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဝန်ခံပြောကြားပြီး ယခုအခါ ယင်းကိစ္စများအတွက် စိုးရိမ်သောကမဖြစ်တော့ပါဟု ဆိုသည်။

အနုပညာလောကမှ သရုပ်ဆောင်တစ်ဦး၏ ဘဝသည် သေချာရေရာမှုမရှိသော ဘဝတစ်ခုသာဖြစ်ကြောင်း၊ သရုပ်ဆောင်လောကသို့ စတင်ခြေချစဉ်ကာလတွင် အသည်းအသန် အပြင်းအထန် ရုန်းကန်ကြိုးစားခဲ့သော်လည်း ခြောက်နှစ်ခုနစ်နှစ်ခန့် ကြာသောအခါ အရာရာတိုင်းတွင် လွယ်လွယ်ကူကူနှင့် အောင်မြင်မှုမရနိုင်ကြောင်း နားလည်သဘောပေါက် လက်ခံလာသည်ဟု သူမ၏ ဘဝအတွေ့အကြုံကို ပြန်လည်ပြောပြသည်။

နာအိုမီကို ယခုလောလောဆယ် နာမည်ကျော်ဟောလိဝုဒ်မင်းသား လီယိုနာဒိုနှင့် တွဲဖက်သရုပ်ဆောင်ထားသည့် J.Edgar ဇာတ်ကားတွင် ရှုစားနိုင်ပြီး လူကြိုက်များ ရေပန်းစားခဲ့သော King Kong ဇာတ်ကားတွင်လည်း အဓိက ဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။

အင်တာနက်။

နှစ်(၆၀)ပြည့် ကယားပြည်နယ်နေ့အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

နှစ်(၆၀)ပြည့် ကယားပြည်နယ်နေ့အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် လွိုင်ကော်မြို့ ကန္တရဝတီ ကျောက်သားရင်ပြင်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နှစ်(၆၀)ပြည့် ကယားပြည်နယ်နေ့ လူထုအခမ်းအနား၌ မိန့်ခွန်းပြောကြားသည်။ **(ယာပုံ)** ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နှစ်(၆၀)ပြည့် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ပြီး ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများကို လည်းကောင်း၊ ကန္တရဝတီကွင်း၌ ကျင်းပသည့် ကယားရိုးရာစပါးထောင်းပြိုင်ပွဲ၊ ရိုးရာနပန်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။ ညပိုင်းတွင် Iron Cross တေးဂီတအဖွဲ့နှင့် ဇမ္ဗူထိပ်ဇာတ်သဘင်အဖွဲ့တို့က ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှစ်ထပ်တိုက် အက်ကွဲပြိုကျနိုင်သဖြင့် ကူညီကယ်ဆယ်မှုများပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်မြောက်ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်းရှိ အမှတ် (၃၆၇)၌ ရှိသော ရှစ်ထပ်တိုက်တွင် အက်ကွဲပြိုကျနိုင်သဖြင့် သတင်းအရ သွားရောက်ကူညီကယ်ဆယ်ခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါတိုက်မှာ အကျယ်ပေ ၂၀၊ အရှည် ၈၉ ပေ၊ အမြင့် ၇၉ ပေ အာရ်စီ ရှစ်ထပ်တိုက်အမျိုးအစားဖြစ်ပြီး ဒုတိယထပ်အခန်းမှ ညာဘက်နောက်ဖေးအစွယ်ကြမ်းခင်း ကွန်ကရစ်မခိုင်သောကြောင့် ငါးလက်မခွဲခန့် ညာဘက် အနောက်ဘက်ခြမ်း အက်ကွဲသွားကြောင်း ဇန်နဝါရီ ၁၉ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် သတင်းရရှိလာ၍ အလုံမှ မီးသတ်ယာဉ်တစ်စီး၊ စမ်းချောင်းမှ အသက်ကယ်ယာဉ်တစ်စီး၊ ရုံးချုပ်မှ အသက်ကယ်ယာဉ်တစ်စီး၊ ဆလိုက်မီးယာဉ် တစ်စီး၊ တိုင်းဒေသကြီး ကြက်ခြေနီယာဉ်တစ်စီး၊ အုပ်ချုပ်မှု ယာဉ်ငါးစီးတို့ဖြင့် သွားရောက်ကူညီ ကယ်ဆယ်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် တိုက်ခန်းနေမိသားစုအပါအဝင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံ ၁၂ လုံးမှ စုစုပေါင်း ၃၂၈ ဦးကို အလုံမြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်းများသို့ သန္နေမီးသတ် တပ်ဖွဲ့ဝင် ၅၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၃ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၅ ဦးတို့က ယာယီရွှေ့ပြောင်းနေထိုင်နိုင်စေရန် ကူညီမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဇန်နဝါရီ ၂၀ ရက် နံနက် ၇ နာရီခန့်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဦးညီညီက ဦးဆောင်၍ စည်ပင်(ယာ/အုံ)မှ တာဝန်ရှိသူများ အကြံပေးအဖွဲ့များ၊ သက်ဆိုင်ရာ တာဝန်ရှိလူကြီးများနှင့် ကျွမ်းကျင်သူများက သွားရောက်၍ အဆောက်အအုံ၏ မြေညီထပ်သို့ ဝင်ရောက်စစ်ဆေးကြည့်ရာတွင် တိုင်ရက်မများ ပျက်စီးနိမ့်ဆင်းမှုမရှိသောကြောင့် စိုးရိမ်စရာမရှိကြောင်း သုံးသပ်ပြီး လူနေထိုင်ခွင့်ပြန်လည်ပေးခဲ့ကာ မော်တော်ယာဉ်သွားလာမှုများကိုလည်း ဖွင့်လှစ်ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

ထက်ခိုင်(စမ်းချောင်း)

ကားမီးလောင်မှုများ ဂရုပြုကြရန်လိုအပ်

ရန်ကုန် ဇန်နဝါရီ ၂၀

ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့တွင် ကားမီးလောင်မှုများဖြစ်ပွားနေ၍ ဂရုပြုကြရန်လိုအပ်သလို သက်ဆိုင်ရာမှ ညွှန်ကြားထားသည့်အတိုင်း လိုက်နာ၍ မီးသတ်ဆေးဘူးများကို ထားရှိကြရန်လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

ဇန်နဝါရီ ၁၉ ရက် ည ၉ နာရီ ၂၅ မိနစ်ခန့်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေ ရပ်ကွက် ကမ်းနားလမ်းနှင့် ထီးတန်း (၂)လမ်းထောင့်တွင် အငှားယာဉ်(တက္ကစီ)ကက/---- ဆလွန်းအဖြူရောင်ယာဉ်မှာ ဘက်ထရီငုတ် ရှော့ခ်ဖြစ်ရာမှ မီးလောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။ ထိုမီးလောင်မှုကြောင့် ယာဉ်မောင်းဖြစ်သူ ဦးသန်းဟန်အား ကြည့်မြင်တိုင် မြို့နယ်ရဲတပ်ဖွဲ့စခန်းက ပ/၄၃/၂၀၁၂ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၀၄ မိနစ်ခန့်တွင် လှိုင်မြို့နယ် (၁၃) ရပ်ကွက် ဗဟိုလမ်း သီရိမြိုင်ဘူတာအနီးတွင် ဒ/---လေးဘီးယာဉ်တစ်စီးမှာ ဒိုင်နမိုဝါယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်ခြင်းကြောင့် သက်ဆိုင်ရာမှ အရေးယူရန်စစ်ဆေးဆောင်ရွက်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။ (၆၈၀)

ဈေးကွက်ဝင်ရောင်းပန်းလှ သူ့ငွေကုန်းကျေးရွာမှဂေါ်ဖီထုပ်များနှင့် ရှမ်းခရမ်းချဉ်သီး

သတင်းဆောင်းပါး-အောင်ကျော်လင်းကြည်(ကြေးမုံ)

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ကျားသေအိုင်ကျေးရွာအုပ်စုဝင် သူ့ငွေကုန်းရွာလေးသည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ပါဝင်သော ကျေးရွာများအနက် တစ်ခုဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန် စားဖိုဆောင်သီးနှံများ အဓိကထွက်ရှိသည့် စံပြစိုက်ပျိုးရေးရွာလေးတစ်ရွာ။

ဆိုရသော် ရန်ကုန်-မန္တလေး ကားလမ်းမကြီးနှင့် ကပ်လျက်တည်ရှိကာ မြေယာနုများကြောင့် ရာသီစုံသီးနှံများ စိုက်ပျိုးရာတွင် အထူးအထွက်ကောင်းပြီး တစ်နှစ်ပတ်လုံးယာလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်း ပြုကြသောရွာကလေးဖြစ်သည်။ နွေနှင့် ဆောင်းရာသီတို့တွင် အဝီစိရေဖြင့် ရေတင်စိုက်ပျိုးကြသည်။

ယင်းစိုက်ပျိုးရေး ထွက်ကုန်များ တစ်နှစ်ပတ်လုံးထွက်ရှိသည့် သူ့ငွေကုန်းရွာကလေးသို့ ကြေးမုံသတင်းအဖွဲ့

ကုန်ကျစရိတ်သက်သာ၊ အထွက်နှုန်းလည်းပိုလာသည့် ဂျက်စီကာ(သို့မဟုတ်) ရှမ်းခရမ်းချဉ်မျိုးစိုက်ခင်းအား တွေ့ရစဉ်။

တစ်ခေါက်ရောက်ခဲ့သည်။ ရောက်လျှင်ရောက်ချင်း ရွာအဝင်တွေ့လိုက်ရသည်က ပန်းဂေါ်ဖီများ၊ ဂေါ်ဖီထုပ်များနှင့် မုန်လာဥများကိုတင်နေသော လှည်းများက အစီအရီ။ ကုန်ပြည့်၍ မောင်းနှင်ထွက်ခွာတော့မည့် ယာဉ်ကြီးများဖြင့် စည်ကားလျက်။ စုံစမ်းကြည့်ရာ ဒေသထွက် စားဖိုဆောင်သီးနှံများကို အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချရန် ပြင်ဆင်နေကြောင်း သိရသည်။

ထိုမှ သူ့ငွေကုန်းရွာထဲသို့ ဆက်လက်လျှောက်လှမ်းခဲ့ကြရာ ရွာလမ်းလယ်ကွက်များတွင် ပန်းဂေါ်ဖီစိုက်ခင်းများ၊ ဂေါ်ဖီထုပ်စိုက်ခင်းများ၊ မုန်လာဥစိုက်ခင်း၊ ငရုတ်စိုက်ခင်းများ၊ ခရမ်းချဉ်စိုက်ခင်းနှင့် ကြက်သွန်စိုက်ခင်းများအား စိမ်းစိမ်းစိုစို တွေ့လိုက်ရသည်။ အထူးသဖြင့် ဂေါ်ဖီထုပ်စိုက်ခင်းများက အားရစရာကောင်းလှသည်။ လေအတိုးမှာ ယိမ်းထိုးနေသည့် ပြောင်းဖူးပင်တို့ကလည်း တစ်မျှော်တစ်ခေါ်။

ထိုစိုက်ခင်းများကို ကျော်ဖြတ်၍ လျှောက်လာရင်း လုပ်ငန်းခွင်ဝင်ရောက်နေသော တောင်သူ ဦးကျော်သင်းအား တွေ့ဆုံကာ စိုက်ခင်းနှင့်ပတ်သက်သည်များကို မေးမြန်းဖြစ်ခဲ့သည်။ "ကျွန်တော် ဒီနှစ် ဆောင်းရာသီ သီးနှံအနေနဲ့ ပန်းဂေါ်ဖီနဲ့ ဂေါ်ဖီထုပ်ကို အဓိကထားစိုက်ပါတယ်။ မုန်လာနဲ့ ခရမ်းသီးတို့လည်း စိုက်ပါတယ်။ အခုစိုက်တဲ့ ဂေါ်ဖီ ထုပ်က ပျိုးပင်သက်တမ်း တစ်လကြာအောင် ပျိုးရပြီးမှ စိုက်ခင်းထဲ ပြောင်းစိုက်ရပါတယ်။ ရက်ပေါင်း ၉၀ အကြာမှာ ဈေးကွက်တင်ပြီး ငွေပြန်ပေါ်ပါတယ်။ တစ်ဧကကို အပင်ပေါင်း ၁၅၀၀၀ အထိ ဝင်ဆံ့ပါတယ်။ ပင်ကြား တန်းကြား တစ်ပေခွဲလောက် ခွာစိုက်ရပါတယ်" ဟု ရှင်းပြသည်။

ဆက်လက်ပြီး ဈေးကွက်အခြေအနေနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ "အခုလို ဈေးကွက်ဝယ်လိုအားကောင်းတဲ့အချိန်မှာ ပွဲစားတွေက ကွင်းအထိဆင်းပြီး လာဝယ်ကြပါတယ်။ တစ်ဧကကို ငွေကျပ် ၁၈ သိန်းလောက်ရပါတယ်။ ရန်ကုန်ကို အဓိကတင်ပို့ပြီး မော်လမြိုင်၊ သထုံ၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ မန္တလေးကိုလည်း ပို့ပါတယ်။ အနီးအနားမြို့ရွာတွေကတော့ ကိုယ်တိုင် လာရောက်ဝယ်ယူတာတွေ ရှိပါတယ်။ အခုတွေ့ရတဲ့ ဂေါ်ဖီထုပ်တွေကတော့ ဈေးကွက်တင်ဖို့ အသင့်ဖြစ်နေပါပြီ။ ဆောင်းသီးနှံတွေကိုတော့ မိုးနှောင်းကာလဖြစ်တဲ့ စက်တင်ဘာဆိုရင် စိုက်ဖို့ အသင့်ပြင်ဆင်ကြရပါတယ်" ဟု ထပ်မံရှင်းပြသည်။

အဆိုပါ သူ့ငွေကုန်းကျေးရွာမှ ထွက်ရှိသော ဂေါ်ဖီထုပ်များသည် အရွက်ပြားကြီးပြီး အစိမ်းရင့်ရောင်ရှိသည်။ အထုပ်ကြီးအမျိုးအစားဖြစ်ကာ ကျစ်လျစ်လှသောကြောင့် စိုက်ပျိုးသူတောင်သူများရော၊ ဝယ်ယူစားသုံးသူများပါ ကြိုက်နှစ်သက်ကြောင်း သိခဲ့ရသည်။

တစ်ဖန် ကျောက်မဲခေါင်းစိမ်းခရမ်းချဉ်မျိုးနေရာတွင် တောင်ပေါ်ဒေသများသာ အများဆုံးစိုက်ပျိုးလေ့ရှိသည့် ဓလေ့အခေါ် ရှမ်းခရမ်းချဉ်သီး (သို့မဟုတ်) ဂျက်စီကာမျိုးစိတ် ခရမ်းချဉ်သီးကို အစားထိုးစိုက်ပျိုးလာပြီဖြစ်သည်။

ယခုလက်ရှိတွင်မူ တစ်ဧကလျှင် ဂျက်စီကာမျိုး အပင်ပေါင်း ၄၀၀၀ စိုက်ပျိုးထားကြောင်း၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် အသီးအပွင့်အားကောင်းသည့် ဆေးများကိုလည်း သုံးစွဲလျက်ရှိကြောင်း၊ ယခုဆိုလျှင် တစ်လကျော်လာပြီဖြစ်သည့်အတွက် အသီးအပွင့်များ စတင်သီးပွင့်လာပြီဖြစ်ကြောင်း၊

"အခုလို ဝယ်လိုအားကောင်းတဲ့ရာသီဆို စိုက်ခင်းထိဆင်းပြီး လာဝယ်ကြပါတယ်"

တောင်သူကြီး ဦးကျော်သင်း။

တစ်လလျှင် ဆေးနှစ်ကြိမ် ပက်ဖျန်းပေးရကြောင်းနှင့် ယခင်စိုက်ပျိုးသည့် ကျောက်မဲခေါင်းစိမ်းခရမ်းချဉ်သီးမျိုးနှင့် နှိုင်းယှဉ်ပါက ကုန်ကျစရိတ် သက်သာသည့်အပြင် အထွက်နှုန်းလည်း ပိုလာမည်ဖြစ်ရာ ဂျက်စီကာ(သို့မဟုတ်) ရှမ်းခရမ်းချဉ်မျိုးသည် တစ်ပင်လျှင် အထွက်နှုန်းအားဖြင့် ၁၀ ပိဿာအထိ ထွက်ရှိနိုင်ကြောင်း၊ သို့သော်လည်း မိမိအနေဖြင့် တစ်ပင်လျှင် ငါးပိဿာ၊ ခြောက်ပိဿာခန့်ထွက်ရှိပါက တွက်ခြေကိုက်ကြောင်း၊ ယင်းဂျက်စီကာမျိုးကို စိုက်ခြင်းအားဖြင့် ကျောက်မဲခေါင်းစိမ်းထက် ဝင်ငွေပိုမို ကောင်းမွန်လာနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဂျက်စီကာမျိုး (သို့မဟုတ်) ရှမ်းခရမ်းချဉ်သီးမှာ ခူးဆွတ်ပြီး ရက်ပေါင်း ၅၀ အထိ အိမ်တွင် လှောင်ထားနိုင်ပြီး ကြိုက်ဈေးရသည့်အချိန်မှ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည့် ကောင်းကွက်များရှိကြောင်း ဦးကျော်သင်းက ဆက်လက်ပြောပြခဲ့သည်။ ။

ဈေးကွက်ဝင် ရောင်းပန်းလှ သူ့ငွေကုန်းကျေးရွာထွက် ဂေါ်ဖီထုပ်များကို ဤသို့ အားရဖွယ်တွေ့ရစဉ်။

အခွန်တံဆိပ်ခေါင်းအတုပြုလုပ်ရောင်းချမှုများ ဖော်ထုတ်အရေးယူနေ

နေပြည်တော် ဇန်နဝါရီ ၂၀

ယခုအခါ အချို့သောမြို့နယ်များ၌ မသမာသူတို့သည် အစိုးရက ထုတ်ဝေထားသည့် တံဆိပ်ခေါင်းများမဟုတ်သည့် ၅ ကျပ်တန်၊ ၆ ကျပ်တန်၊ ၁၀ ကျပ်တန်၊ ၂၅ ကျပ်တန် နှိပ်တံဆိပ်ခေါင်းအတုများကို အလွတ်အဖြစ် လည်းကောင်း၊ အသင့်သုံး စာချုပ်စာတမ်းပုံစံအဖြစ်ရိုက်နှိပ်၍ လည်းကောင်း ရောင်းချလျက်ရှိကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာက ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တံဆိပ်ခေါင်းအတုများဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်မိကြပါက မိမိတို့ချုပ်ဆိုထားသည့် အကြောင်းအရာကိစ္စအတွက် အရေးယူဆောင်ရွက်ချက်မပြုနိုင်၍ တရားမဝင်ဖြစ်ကာ ပြည်သူလူထုအနေဖြင့် နစ်နာမှုများစွာ ဖြစ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ တံဆိပ်ခေါင်းများကို ပြင်ပဈေးကွက်တွင် အလွယ်ဝယ်ယူခြင်းမပြုဘဲ မိမိတို့နှင့် နီးစပ်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၌ မိမိတို့ဆောင်ရွက်ကြမည့်ကိစ္စ၊ ချုပ်ဆိုမည့် စာချုပ်စာတမ်း အမျိုးအစားတို့ကို မှန်ကန်စွာတင်ပြကြလျက် ထိုက်သင့်သည့် တံဆိပ်ခွန်ကို ကပ်နှိပ်ရမည့် တံဆိပ်ခေါင်းအမျိုးအစားမှန်ကန်စွာဖြင့် ကပ်နှိပ်ဆောင်ရွက်သင့်ကြောင်း၊ အများပြည်သူ မနစ်နာစေရန်အတွက် အတုပြုလုပ်သူများနှင့် ပတ်သက်၍ သတင်းရရှိပါက နီးစပ်ရာ ပြည်တွင်းအခွန်များဦးစီးဌာနရုံးများသို့ သတင်းပေးပို့ကြရန် ပြည်တွင်းအခွန်များဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

မည်သူမဆို တံဆိပ်ခေါင်းရောင်းချသူအဖြစ် ခန့်အပ်ခြင်း မခံရပါလျက် တံဆိပ်ခေါင်း ရောင်းချလျှင် သို့မဟုတ် တံဆိပ်ခေါင်းတစ်စုံတစ်ရာကို ဥပဒေနှင့်ဆန့်ကျင်၍ လက်ဝယ်ထားရှိလျှင် လည်းကောင်း၊ တံဆိပ်ခေါင်းအတုပြုလုပ်လျှင် လည်းကောင်း၊ တံဆိပ်ခေါင်းအတုပြုလုပ်သည့် ကိရိယာပစ္စည်းများကို ပြုလုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်းများအတွက် လည်းကောင်း၊ တံဆိပ်ခေါင်းအတုမှန်းသိပါလျက် အစစ်အမှန်အဖြစ် အသုံးပြုလျှင် လည်းကောင်း ပြစ်မှုဆိုင်ရာဥပဒေများအရ ထောင်ဒဏ်၊ ငွေဒဏ်များ ကျခံရနိုင်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် ပြင်ပမှ အခွန်တံဆိပ်ခေါင်းများကို ဝယ်ယူအသုံးပြုပါက အထူးဂရုပြု စိစစ်ဝယ်ယူကြရန်နှင့် သက်ဆိုင်ရာ ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးများတွင် မိမိအမှန်တကယ်အသုံးပြုလိုသော ကိစ္စရပ်အတွက် လိုအပ်သော အရေအတွက်ကို တံဆိပ်ခေါင်းများအပေါ်တွင် ပါရှိသော သတ်မှတ်တန်ဖိုးများအတိုင်း ငွေအပိုမပေးရဘဲ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် စီမံထားရှိကြောင်း သိရှိရသည်။

(အောင်မိုးကြည်-ပြည်တွင်းအခွန်)

သိပ္ပံနည်းကျ ပေါင်းပျိုးစနစ်သရုပ်ပြ

ညောင်ရွှေ ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု အလယ်မြောင်းကျေးရွာ နွေစပါး ဧက ၁၀၀ စံပြစိုက်ကွင်း၌ ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ၂၀၁၁-၂၀၁၂ ခုနှစ် နွေစပါးစိုက်ပျိုးမှုတွင် အထွက်တိုးစပါး သိပ္ပံနည်းကျပေါင်းပျိုးစနစ်၊ ပလတ်စတစ်အုပ်ပျိုးထောင်နည်း သရုပ်ပြပွဲကို ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအောင်ခင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် ပြည်သူများတက်ရောက်ကြသည်။

အဆိုပါသရုပ်ပြပွဲတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက အထွက်တိုးမျိုးစပါးများကို တောင်သူများထံသို့ ပေးအပ်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအောင်ခင်က သိပ္ပံနည်းကျ ပေါင်းပျိုးစနစ် ပလတ်စတစ်အုပ် ပျိုးထောင်နည်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး အင်းတိုင်းရင်းသားရေးရာဝန်ကြီးတို့မှ မြို့နယ်ဌာနဆိုင်ရာများ၊ တောင်သူများနှင့်အတူ လက်တွေ့မျိုးစေ့ချပျိုးထောင်ခြင်းကို အတူတကွ ပျိုးထောင်ခဲ့ကြကြောင်း သိရသည်။

(၆၇၅)

တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးခန်းအတွက် ငွေကျပ်တစ်သိန်းကို ဒေါက်တာ အရှင်ခေမာသီရိ(လှတော) သဒ္ဓမ္မသုခ ဓမ္မရိပ်သာ ရွှေနံ့သာ စံပြကျေးရွာ မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့က ပေးအပ်လှူဒါန်းစဉ်။ (၃၄၂)

ပျော်ဘွယ်မြို့ သန်လျင်တောရမင်းကျောင်း ဓမ္မရနံ့စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်း

ပျော်ဘွယ် ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ယင်းတော်မြို့မကျေးရွာ သန်လျင်တောရ မင်းကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ဓမ္မရနံ့ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၇ ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ယင်းတော် သန်လျင်တောရ မင်းကျောင်း ဂေါပကအဖွဲ့ နာယက ဦးဘညွန့်က ဂျာနယ်မျိုးစုံ ၅၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) မှ ပေးပို့လှူဒါန်းသော တန်ဖိုးငွေကျပ် ၁၆၉၈၅၀ ရှိ သုတ/ရသစာအုပ်မျိုးစုံ ၁၀၀ နှင့် ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသည့် သုတ/ရသစာအုပ်မျိုးစုံ ၃၅ အုပ်တို့ကို မြို့နယ်ဦးစီးမှူး ဦးဖုန်းနိုင်က ပေးအပ်လှူဒါန်းရာ ဓမ္မရနံ့စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ အဂ္ဂမဟာကျော် ဒေါ်သိက္ခာဝတီနှင့် စာကြည့်တိုက်အတွင်းရေးမှူး ဒေါ်ပုညနန္ဒီတို့က လက်ခံရယူခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်ဖွင့်လှစ်ထားသော ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းသို့ ဦးဌေးဝင်း-ဒေါ်မျိုးသီရိသိမ်း (ခေတ္တ-စင်ကာပူ)က အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းစဉ်။ (ကြေးမုံ)

တို တို ထွာ ထွာ ဖတ် စ ရာ

ရှာငံမြို့နယ်၌ ထင်းစိုက်ခင်းမှ ထင်းများပေးအပ်

ရှာငံ ဇန်နဝါရီ ၂၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ရှာငံမြို့နယ် သစ်တောဦးစီးဌာန၏ ဒေသခံပြည်သူများသို့ ကျေးရွာပိုင် ထင်းစိုက်ခင်းမှ ထင်းများဝေငှပေးအပ်ပွဲကို ဇန်နဝါရီ ၂ ရက် ညနေပိုင်းက ကျင်းပရာ ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဇော်က ကျေးရွာပိုင်သစ်တောစိုက်ခင်းမှ ထင်းများကို ဒေသခံပြည်သူများသို့ ဝေငှခွဲဝေပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး သစ်ပင်သစ်တောများ ပြုန်းတီးမှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ကျွန်းပင်မှအစ သစ်ပင်များကို ယုံကြည်စွာဖြင့် စိုက်ပျိုးသွားရန်၊ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးဌာနမှူး ဦးဇော်နိုင်က ကျေးရွာပိုင် ဧက ၁၀၀ စိုက်ခင်းမှ ထွက်ရှိသော ထင်းများကို ဒေသခံပြည်သူများသို့ ခွဲဝေပေးရခြင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများအား ထင်းများဝေငှပေးအပ်ကြကြောင်း သိရသည်။

(၆၇၀)

တောင်တွင်းကြီး ဂေါ်ဖီထုပ် ဈေးကောင်းပြီး အရောင်းသွက်

တောင်တွင်းကြီး ဇန်နဝါရီ ၂၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးရွာအချို့တွင် တောင်သူဦးကြီးတို့ စီးပွားဖြစ် စိုက်ပျိုးထားသော ဂေါ်ဖီထုပ်များ ဇန်နဝါရီ ဒုတိယပတ်မှ စတင်၍ လှိုင်လှိုင်ပေါ်ပြီး ဈေးကွက်ရှိရာ ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဂေါ်ဖီထုပ်အကြီးအသေးပေါ်မူတည်ပြီး ဂေါ်ဖီတစ်ထုပ်လျှင် ငွေကျပ် ၃၀၀ မှ ၅၀၀ အထိ ရောင်းချရကြောင်း ဂေါ်ဖီထုပ်နှစ်စဉ် စိုက်ပျိုးရောင်းချသည့် သီလကျေးရွာမှ တောင်သူဦးညွန့်ဝင်း၏ ပြောကြားချက်အရ သိရသည်။ ဂေါ်ဖီထုပ်များ ယခင်နှစ်ကထက် ပိုမိုကြီးထွားပြီး ဈေးကောင်းရကြောင်း အဆိုပါတောင်သူ၏ ပြောကြားချက်အရ သိရသည်။

တောင်တွင်းကြီးဒေသမှ ထွက်ရှိသည့် ဂေါ်ဖီထုပ်များကို မကွေး၊ သရောကောက်၊ မင်းဘူး၊ မြို့သစ်၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ အောင်လံ စသည့် ဈေးကွက်များသို့ မီးရထား၊ မော်တော်ကားများဖြင့် တင်ပို့ရောင်းချရကြောင်း သိရသည်။

(၅၈၀)

ဂျီအက်စ်အမ်စတေရှင် တန့်ယန်း၌ တည်ဆောက်မည်

တန့်ယန်း ဇန်နဝါရီ ၂၀

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ တန့်ယန်းမြို့နယ်အတွင်း ဂျီအက်စ်အမ်စတေရှင် တပ်ဆင်တည်ဆောက်နိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်(အဝေးစက်) ဦးဌေးဝင်းသည် လက်ထောက်မန်နေဂျာ ဦးပေါင်စလမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၈ ရက်က စတေရှင် တပ်ဆင်တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုရာ မြို့နယ်တာဝန်ခံ ဒေါ်ဝင်းမေထူးက ပစ္စည်းများရောက်ရှိမှု အခြေအနေနှင့် တည်ဆောက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဆင်များရှင်ဘုရား တောင်ကုန်းပေါ်ရှိ မိုက္ကရိုဝေ့ဗ်တာဝါတိုင် စခန်းနှင့် စီဒီအမ်အေစခန်းတို့သို့လည်း သွားရောက်ကြည့်ရှုကာ စက်များ အစဉ်အမြဲ ကြံ့ခိုင်မှုရှိစေရေးနှင့် ပြည်သူများ အသုံးပြုလွယ်ကူ ကောင်းမွန်နိုင်ရေးတို့ကို မှာကြားသည်။

အဆိုပါ ဂျီအက်စ်အမ်စတေရှင် တည်ဆောက်ပြီးစီးသွားပါက စက်အမျိုးအစား (ဝမ်းအီးဝမ်း)နှင့် ချိတ်ဆက်၍ ဖုန်းအလုံး ၁၇၀၀ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၆၅၅)

အခြေအနေမဲ့ တောင်းရမ်းသူများအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၂၀

မန္တလေးမြို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြောင်းရွှေ့နေထိုင်မှုများလည်း များပြားလာသည်။ ပြောင်းရွှေ့ ရောက်ရှိလာသူများသည် မြို့ကွက်သစ်ရှိ နေအိမ်မဆောက်ရသေးသော မြေကွက်များ၌ တဲထိုးနေထိုင်မှုများရှိသည်။ အခြေအနေမဲ့များသည် ချမ်းအေးသာစံမြို့နယ် (၇၉) လမ်း ဘူတာကြီးဝန်းကျင်၌နေထိုင်ကြပြီး ကလေးငယ်များအား စားသောက်ဆိုင်၊ စတိုးဆိုင်များရှေ့၌ ထားခဲ့ကာ လာရောက်သူပြည်သူများကို အတင်းလက်ဆွဲပြီး တောင်းရမ်းမှုများ ပြုလုပ်လျက်ရှိသည်။

လမ်းဆုံလမ်းခွ၊ ခုံးကျော်တံတားများပေါ်တွင်လည်း ကလေးငယ်များအား တောင်းရမ်းခိုင်းမှုများ များပြားလာရာ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ အမြင်တွင် ဂုဏ်သိက္ခာကျဆင်းပြီး အကျည်းတန် အရုပ်ဆိုးလျက်ရှိသည်။

ထို့ကြောင့် မြို့အင်္ဂါရပ်နှင့်အညီ ပလက်ဖောင်းလမ်းမများတွင် စည်းကမ်းမဲ့စွာ အခြေချညအိပ်နေထိုင်သူများကို ဇန်နဝါရီ ၁၅ ရက်မှစ၍ ဖယ်ရှားရှင်းလင်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၅၃)

ရေစကြို အထက ပညာရေးစုံညီပွဲတော်ကျင်းပ

ရေစကြို ဇန်နဝါရီ ၂၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတမာခန်းမ၌ ၂၀၁၂ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၅ ရက် နံနက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော် ဒို့နွဲပျော် သီချင်းကို သီဆို၍ ဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးနှင့် မြို့နယ်ပညာရေးမှူး ဦးအုန်းညွန့်တို့က အမှာစကားပြောကြားကြကာ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက် အကောင်းဆုံးကျောင်း၊ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ကမ္ဘာ့ဆရာများနေ့၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (၃၇၄)

၂၀၁၁-၂၀၁၂ ပညာသင်နှစ် အလက(၄) ရွှေပြည်သာ ပညာရေးစုံညီပွဲတော် အခမ်းအနားတွင် ကျောင်းကောင်စီအသင်းလိုက် တံခွန်စိုက်ဆုရရှိသော အနော်ရထာအသင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်သန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

"မီး" ဘေးအန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မကြာမီ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိတော့မည်ဖြစ်ရာ စက်သုံးဆီနှင့် ရေနံထွက်ပစ္စည်းများ သိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချသူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို အထူးအလေးထားလိုက်နာဆောင်ရွက်သွားနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ စက်သုံးဆီသိုလှောင်ကန်/သိုလှောင်ရုံများနှင့်ပတ်သက်၍ သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင်ရှိရမည်။

၂။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများနှင့် ပတ်သက်၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရှိရမည်။

၃။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရမည်။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက် စနစ်တကျရေးဆွဲထားပြီး အနည်းဆုံး တစ်လတစ်ကြိမ် ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရမည်။

၄။ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် မီးသတ်ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာ ထားရှိရမည့်အပြင် ဝန်ထမ်းများ စနစ်တကျကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် အခြေခံမီးသတ်သင်တန်းတက်ရောက်ထားရမည်။

၅။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းဝင်းအတွင်း မီးလောင်လွယ်စေတတ်သော ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ယူဆောင်လာခြင်း ရှိ၊ မရှိအား စစ်ဆေးကြပ်မတ်ရန်အတွက် လုံခြုံရေးဝန်ထမ်းများ ထားရှိ တာဝန်ပေးအပ်ထားရမည်။

၆။ အဆောက်အအုံများနှင့် သိုလှောင်ကန်များတွင် မြေစိုက်ကြိုးနှင့် မိုးကြိုးလွှဲများ စနစ်တကျ တပ်ဆင်ထားရမည်။

၇။ သတ်မှတ်အရည်အသွေးပြည့်မီသည့် ပိုက်၊ ပိုက်ဆက်ပစ္စည်း၊ ဘား၊ ပန့်၊ ပန့်တိုင်နှင့် ဆီချပိုက်များကို တပ်ဆင်အသုံးပြုရမည်။ ဆက်သွယ်ထားသည့် ပိုက်လိုင်းများသည် စက်သုံးဆီနှင့် ဆီငွေ့များ ယိုစိမ့်မှုနှင့် လုံခြုံစိတ်ချရမှုရှိရမည်။

၈။ လျှပ်စစ်ပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ တပ်ဆင်သုံးစွဲရမည်။

၉။ စက်သုံးဆီသိုလှောင်ကန်စခန်းများတွင် ဆီတင်ယာဉ် ဆီဖြည့်သည့်နေရာ (Bowser Filling Shed)သီးသန့်ဆောက်လုပ်၍ စနစ်တကျဆောင်ရွက်ရမည်။

၁၀။ ပီပါဖြင့် ဖြန့်ဖြူးရောင်းချပါက ပီပါဆီဖြည့်ရုံ(Drum Filling Shed) သီးသန့်ဆောက်လုပ်၍ စနစ်တကျ ဖြန့်ဖြူးရောင်းချရမည်။

၁၁။ မြစ်ကမ်းနဖူးတွင် တည်ဆောက်ထားသော စက်သုံးဆီသိုလှောင်ကန်စခန်းဖြစ်ပါက ဆီတင်/ဆီချ ဆိပ်ခံ၊ ဆိပ်ခံတံတား၊ ဆီတင်/ဆီချပန့်များ၊ ပိုက်လိုင်းများ၊ ဆီချပွိုင့်၊ ဆီဖြည့်ပွိုင့်နှင့် စက်သုံးဆီ လက်ခံသိုလှောင်ဖြန့်ဖြူးမည့် သံကန်များ စနစ်တကျ တည်ဆောက်တပ်ဆင်အသုံးပြုရမည်။

၁၂။ ဆီတင်ယာဉ်တစ်စီး၏ အင်္ဂါရပ်နှင့်အညီ သတ်မှတ်ပါရှိရမည့် ပစ္စည်းကိရိယာများ စုံလင်စွာတပ်ဆင်ထားရမည်။

စွမ်းအင်ဝန်ကြီးဌာန

☆ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတ ။ ယနေ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စတွေနဲ့ပတ်သက်ပြီး တွန်းအားပေးတာကတော့ မြန်မာနိုင်ငံပြည်သူလူထုပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဟာ ပြည်သူလူထုရဲ့ဆန္ဒတွေကို လိုက်လျောပြီး ယခုလို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ကိုယ့်တိုင်းပြည်ကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းရှိစေချင်တယ်။ နောက်တစ်ခါ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်စေချင်တယ်။ ဒါဟာ ယနေ့ပြည်သူတွေရဲ့ ဆန္ဒပဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အဲဒီဆန္ဒတွေကိုလိုက်လျောပြီး ပြုပြင်ပြောင်းလဲမှုတွေကို အခုလို လုပ်ဆောင်နေတာဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒနဲ့အညီ တိုင်းပြည် တည်ငြိမ်အေးချမ်းဖို့၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ပြည်တွင်းနိုင်ငံရေးအင်အားစုတွေနဲ့ သင့်မြတ်အဆင်ပြေဖို့ အရေးကြီးပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်နားလည်မှုရရှိခဲ့ပြီး ပြည်တွင်းနိုင်ငံရေးအခြေအနေကလည်း တည်ငြိမ်အေးချမ်းမှု ပိုပြီးရှိသွားပါတယ်။ နောက်တစ်ချက်က ပြည်သူလူထုအနေနဲ့ တိုင်းပြည်မှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ရှိစေချင်ကြပါတယ်။ ဒါကြောင့်မို့ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းပြီး ဆွေးနွေးဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေဟာ ပြည်သူလူထုရဲ့ လိုလားချက်ဆန္ဒအပေါ်မှာ အခြေခံပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တွန်းအားပေးတာကတော့ ပြည်သူလူထုပဲဖြစ်ပါတယ်။

Washington Post ။ ပြောရမယ်ဆိုရင် ဒီလုပ်ဆောင်ချက်တွေဟာ ပြည်သူ့ဆန္ဒတွေဖြစ်သလို တကယ်တမ်းကျတော့ သမ္မတကြီးက Initiative ယူပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ သမ္မတကြီးကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ အနာဂတ်အပေါ် သမ္မတကြီးရဲ့အမြင်ကို သိလိုပါတယ်။

နိုင်ငံတော်သမ္မတ ။ အနာဂတ်မှာ မြန်မာနိုင်ငံရဲ့ အနေအထားက ပိုမိုပွင့်လင်းမြင်သာပြီး ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ဆက်ဆံရေး ပိုမိုကောင်းမွန်လာမယ်လို့ မြင်ပါတယ်။

Washington Post ။ သမ္မတကြီးအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့တယ်။ သမ္မတကြီးဦးဆောင်ပြီး ပြုပြင်ပြောင်းလဲမှုတွေကို Initiative ယူပြီး ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် ဒီပြုပြင်ပြောင်းလဲမှုတွေကို အနာဂတ်မှာ ဆက်လက်ပြီး ဖော်ဆောင်သွားမှာလားဆိုတာကို သိလိုပါတယ်။

နိုင်ငံတော်သမ္မတ ။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး နိုင်ငံတော်ရဲ့ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်ပါတယ်။ အဲဒီတော့ တိုင်းပြည် တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံတော်ရဲ့ စီးပွားရေး ဒီ့ထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ရည်မှန်းချက်တွေ ပြည့်ဝသည်အထိ ဆက်ပြီးလုပ်သွားရမှာ ဖြစ်ပါတယ်။

Washington Post ။ တိတိကျကျပြောဆိုရမယ်ဆိုရင် သမ္မတကြီးအနေနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေး ပုံမှန်အခြေအနေကို ပြန်ရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားများကိုလည်း လွှတ်ပေးခဲ့ပါတယ်။ အချို့လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရယူဖို့ ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ ဒါကြောင့် ရှေ့ဆက်ပြီး ဆောင်ရွက်ရမယ့်ကိစ္စများမှာ ဘာတွေလိုအပ်မယ်လို့မြင်ပါသလဲ။ ရှေ့ကို ဘာတွေဆက်လုပ်သွားဖို့ ရှိပါသလဲ။

နိုင်ငံတော်သမ္မတ ။ ကျွန်တော်တို့ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုအတွက် အလေးထားပြီး ရှေ့ဆက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲဝင်နိုင်ဖို့အတွက် လွှတ်တော်ကလည်း သက်ဆိုင်ရာဥပဒေတွေကို ပြုပြင်ပေးခဲ့တာရှိပါတယ်။ သူမကိုယ်တိုင်လည်း NLD ကို ပါတီအဖြစ်နဲ့မှတ်ပုံတင်ပြီးတော့ မကြာခင်မှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အဲဒီမှာ ပြည်သူလူထုရဲ့ ရွေးချယ်တင်မြှောက်မှုခံရရင် လွှတ်တော်ထဲကို ရောက်လာမှာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲရောက်လာရင်လည်း လွှတ်တော်က နွေးထွေးစွာကြိုဆိုမှာဖြစ်ပါတယ်။ နောက်တစ်ခုက Ethnic Groups လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး ပထမ သူတို့နဲ့ယုံကြည်မှု အရင်တည်ဆောက်ရပါတယ်။ နှစ်ဖက်သဘောတူနိုင်တဲ့အချက်တွေအပေါ်မှာ သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆက်ပြီးဆောင်ရွက်ရမယ့် လုပ်ငန်းတွေအများကြီးရှိပါတယ်။ လက်နက်တွေစွန့်ပြီး သူတို့ဝင်လာသည်ဖြစ်စေ၊ လက်နက်တွေနဲ့ဝင်လာသည်ဖြစ်စေ သူတို့ရဲ့ စားဝတ်နေရေးအဆင်ပြေဖို့၊ နေရေးထိုင်ရေးအဆင်ပြေဖို့၊ သူတို့ရဲ့ပညာရေး၊ ကျန်းမာရေးတွေ အဆင်ပြေဖို့ အဓိကလိုအပ်ပါတယ်။ ဒီလိုအပ်ချက်တွေ ရှေ့ဆက်ပြီးဆောင်ရွက်သွားဖို့ရှိပါတယ်။

Washington Post ။ ကျွန်မ သတင်းမှာ ဖတ်ရှုခဲ့ရပါတယ်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဟာ ဘယ်အဖွဲ့နဲ့ ယူခဲ့တာပါလဲ။ ကရင်အဖွဲ့နဲ့ပါလား။

နိုင်ငံတော်သမ္မတ ။ လက်နက်ကိုင်ထားတဲ့ Ethnic Groups က အားလုံး ၁၁ ဖွဲ့ရှိပါတယ်။ ဒီအဖွဲ့တွေနဲ့ ပထမအဆင့် ပြည်နယ်အဆင့် နားလည်မှုသဘောတူညီချက်တွေ ညှိနှိုင်းပါတယ်။ ပြီးလို့ရှိရင် အစိုးရရဲ့ကိုယ်စား အဖွဲ့တွေခွဲပေးပြီး ဒီအဖွဲ့တွေနဲ့ ထိတွေ့ဆွေးနွေးမှုတွေလုပ်ပါတယ်။ အဖွဲ့အားလုံးနဲ့ ကျွန်တော်တို့ ထိတွေ့ဆက်ဆံမှုတွေ ရှိနေပါတယ်။ အဲဒီလိုထိတွေ့ဆက်ဆံမှုရှိနေတဲ့ အဖွဲ့တွေထဲကမှ တချို့အဖွဲ့တွေနဲ့ သဘောတူညီချက် လက်မှတ်ရေးထိုးကြပြီးဖြစ်ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မပြီးဆုံးသေးပါဘူး။ ရှေ့ကိုဆက်ပြီး သဘောတူညီချက်တွေ ညှိဖို့ရှိနေသေးပါတယ်။

Washington Post ။ သူတို့ငြိမ်းချမ်းရေးယူတဲ့အခါ အစိုးရနဲ့ သဘောတူညီချက်ရပြီးတော့မှ ဝင်လာတာလား။

နိုင်ငံတော်သမ္မတ ။ ကျွန်တော်တို့ နှစ်ဖက်ညှိနှိုင်းပြီး သဘောတူညီချက်ရယူပြီး ငြိမ်းချမ်းရေးတည်ဆောက်မှာ ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် လက်နက်ကိုင်အဖွဲ့အားလုံးဟာ ဥပဒေရဲ့အောက်ကို အားလုံးဝင်ရောက်လာကြပြီး ဥပဒေတစ်ခုတည်းရဲ့အောက်မှာ အားလုံး တန်းတူညီမျှ နေထိုင်လုပ်ကိုင်စားသောက်ကြဖို့ ဖြစ်ပါတယ်။ ဒီအဆင့်ကိုရောက်ဖို့အတွက် ကျွန်တော်တို့ အချိန်ယူပြီးတော့ ညှိသွားရပါဦးမယ်။

Washington Post ။ ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲမှာ အောင်နိုင်ပြီး လွှတ်တော်အတွင်း ရောက်လာခဲ့မယ်ဆိုရင် သမ္မတကြီးအနေနဲ့ Cabinet ရာထူး တစ်နေရာရာကို ပေးဖို့များ အစီအစဉ်ရှိပါသလား။

နိုင်ငံတော်သမ္မတ ။ တစ်အချက်ကတော့ ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ အရွေးခံရခြင်း၊ အရွေးမခံရခြင်းအပေါ်မှာ မူတည်ပါတယ်။ ပြည်သူလူထုက အရွေးခံရပြီဆိုလို့ရှိရင် လွှတ်တော်ထဲကို ဒေါ်အောင်ဆန်းစုကြည် ရောက်လာမှာဖြစ်ပါတယ်။ ဒုတိယအဆင့် Cabinet Member အဖြစ်နဲ့ အမည်စာရင်းတင်သွင်းဖို့က လွှတ်တော်ရဲ့ သဘောတူညီချက်ရယူပြီး လုပ်ရတာဖြစ်ပါတယ်။ လွှတ်တော်ရဲ့သဘောတူညီချက်ရှိမှ ဒီလိုခန့်အပ်လို့ ရမှာဖြစ်ပါတယ်။ အခုလက်ရှိ Cabinet ဝန်ကြီး အားလုံးဟာလည်း လွှတ်တော်ရဲ့သဘောတူညီချက်နဲ့ ခန့်ထားတာဖြစ်ပါတယ်။

Washington Post ။ ဒေါ်အောင်ဆန်းစုကြည်ကို Cabinet ဝန်ကြီးတစ်ဦးအဖြစ် တွေ့မြင်လိုပါသလား။

နိုင်ငံတော်သမ္မတ ။ ကျွန်တော်တို့ကတော့ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် လွှတ်တော်က သဘောတူညီပြီး ခန့်အပ်ပေးလိုက်တယ်ဆိုရင် Cabinet ဝန်ကြီးအဖြစ် လက်ခံသွားမှာဖြစ်ပါတယ်။

Washington Post ။ မြန်မာ-US နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပတ်သက်ပြီး သမ္မတကြီးအနေနဲ့ ဘယ်လိုမြင်ပါသလဲ၊ ဘယ်လိုမျှော်လင့်ပါသလဲ။

နိုင်ငံတော်သမ္မတ ။ မြန်မာနိုင်ငံနဲ့ အမေရိကန်နိုင်ငံဟာ အခု ထိတွေ့ဆက်ဆံမှုတွေ တော်တော်များများ ရှိနေပါပြီ။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးလည်း ကျွန်တော်တို့ဆီကိုလာပြီးဖြစ်ပါတယ်။ ဒီနေ့ပဲ အမေရိကန်ဆီးနိတ်က အထက်လွှတ်တော်အမတ် မက်ကောနယ်နဲ့လည်း ကျွန်တော်မနက်က လက်ခံတွေ့ဆုံပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်က တစ်အချက် ဘာပဲဖြစ်ဖြစ် အမေရိကန်နိုင်ငံနဲ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell McConnell အား ၁၇-၁-၂၀၁၂ ရက်နေ့တွင် လက်ခံတွေ့ဆုံစဉ်။

သာမက နိုင်ငံအားလုံးနဲ့ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိချင်ပါတယ်။ ဒုတိယအချက်က အမေရိကန်နိုင်ငံနဲ့ သံအမတ်ကြီးအဆင့် အဆက်အသွယ်မရှိသေးပါဘူး။ အဲဒီတော့ သံအမတ်ကြီးအဆင့်တိုးမြှင့်ပြီး ဆက်သွယ်ဖို့ ကျွန်တော်တို့ ဆန္ဒရှိပါတယ်။ တတိယအချက်ကတော့ အမေရိကန်အပါအဝင်၊ EU အပါအဝင် ကျွန်တော်တို့နိုင်ငံအပေါ် စီးပွားရေးအရ တားဆီးပိတ်ဆို့မှုတွေ လုပ်ထားတာ အနှစ် ၂၀ ကျော်ခဲ့ပါပြီ။ အဲဒီတော့ ဒီစီးပွားရေးအရ တားဆီးပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးစေလိုတဲ့ ဆန္ဒရှိပါတယ်။ ဒီဟာက နိုင်ငံတော်သမ္မတတစ်ယောက်တည်းရဲ့ ဆန္ဒမဟုတ်ပါဘူး။ နိုင်ငံသူနိုင်ငံသားအများစုရဲ့ ဆန္ဒဖြစ်ပါတယ်။

Washington Post ။ ပြီးခဲ့တဲ့လများအတွင်း သမ္မတကြီးအနေနဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ အများကြီးလျှောက်လှမ်းခဲ့ရပြီး ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ရက်အနည်းငယ်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်က ထုတ်ပြန်ကြေညာခဲ့တာရှိပါတယ်။ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးကို ပုံမှန်အခြေအနေရောက်အောင်လုပ်မယ်၊ ဒါ့အပြင် နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့် ပြန်လည်ခန့်အပ်သွားမယ်ဆိုတာကို ထုတ်ပြန်ကြေညာခဲ့တယ်လို့ ကြားသိခဲ့ရပါတယ်။ ဒီသတင်းကို သမ္မတကြီး မကြားမိပါဘူးလား။

နိုင်ငံတော်သမ္မတ ။ ကြားမိပါတယ်။ သို့သော်လည်း ဒီယနေ့အထိတော့ ခန့်အပ်ပေးတာမရှိသေးပါဘူး။

Washington Post ။ ဟုတ်ပါတယ်။ ဝါရှင်တန်မှာ တချို့ကိစ္စရပ်များဟာ နည်းနည်းနှောင့်နှေးမှုများ ရှိတတ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး လွှတ်တော်အမတ် မစ္စတာမက်ကောနယ် ထံကနေ ကြားသိပြီးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

နိုင်ငံတော်သမ္မတ ။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အနောက်နိုင်ငံတွေရဲ့ လိုလားချက်(၃)ချက်ရှိပါတယ်။ တစ်အချက်က နိုင်ငံရေးအကျဉ်းသားဆိုပြီး သူတို့ပြောဆိုသုံးစွဲနေတဲ့ အကျဉ်းသားတွေ လွှတ်ပေးဖို့ကိစ္စ။ နှစ်အချက်က ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးမယ့်ကိစ္စ။ သုံးအချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့အဖွဲ့တွေ နိုင်ငံရေးလုပ်ငန်းစဉ်မှာ ပါဝင်ဖို့ဆိုတဲ့ကိစ္စ။ ဒီကိစ္စ(၃)ခုဟာ အနောက်နိုင်ငံတွေက လိုလားတောင်းဆိုနေတဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ယခုဒီကိစ္စ(၃)ခုစလုံးကို ကျွန်တော်ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအပိုင်းကတော့ တာဝန်ကျေသွားပါပြီ။ အဲဒီတော့ အနောက်နိုင်ငံအမေရိကန်နဲ့ EU တို့ တာဝန်ကျေဖို့ အပိုင်းပဲကျန်ပါတယ်။ ဒါ့အပြင် ဒီကိစ္စ(၃)ရပ်ကလည်း ဘယ်သူဘယ်ဝါရဲ့ တိုက်တွန်းချက်ကြောင့်၊ အကျပ်ကိုင်ခိုင်းစေမှုကြောင့်မျှ မဟုတ်ဘဲ နိုင်ငံရဲ့ လက်ရှိအခြေအနေအရ လုပ်သင့်လုပ်ထိုက်တဲ့ အခြေအနေများကြောင့် ကျွန်တော်တို့ ဒီ(၃)ခုလုံးကို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

Washington Post ။ ဖိအားပေးမှုကြောင့်လုပ်တာလား။

နိုင်ငံတော်သမ္မတ ။ ဖိအားပေးမှုကြောင့် မဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံရဲ့ ပြောင်းလဲလာတဲ့စနစ်အရကို ဒါတွေဟာ လုပ်ကိုလုပ်ပေးရမယ့် ကိစ္စတွေဖြစ်ပါတယ်။

Washington Post ။ ဒီလိုမျိုး ဆောင်ရွက်လာရတာဟာ ပိတ်ဆို့မှုကြောင့် လုပ်လာရတာလား။ အမေရိကန်ကထင်နေတာက Sanction ဟာ မြန်မာနိုင်ငံအပေါ်မှာ ထိရောက်မှုရှိနေတယ်လို့ ထင်နေပါတယ်။

နိုင်ငံတော်သမ္မတ ။ Sanction ဟာ မြန်မာနိုင်ငံပေါ်ထိရောက်မှု ရှိ၊ မရှိ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဒီ Sanction ကြောင့် ပြီးခဲ့တဲ့ တပ်မတော်အစိုးရက ပြုတ်သွားတာမဟုတ်ပါဘူး။ တပ်မတော်အစိုးရက အခုလို ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အစိုးရဖြစ်အောင် ပြုပြင်ပြောင်းလဲပြီး တာဝန်လွှဲပြောင်းပေးခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အစိုးရအပေါ် သက်ရောက်မှုတော့မရှိဘူး။ ဒါပေမယ့် ပြည်သူလူထုကတော့ ဒုက္ခရောက်ပါတယ်။ ပြည်သူကတော့ အထိနာတယ်။ ပြည်သူတွေ ဆင်းရဲနွမ်းပါးမှုဖြစ်စေပါတယ်။

Washington Post ။ ပြောရမယ်ဆိုရင် သမ္မတကြီးက ခုနက

၂၁-၁-၂၀၁၂

နိုင်ငံတော်သမ္မတ

အတွက် မူလကတ
ဒီလမ်းစဉ်(၇)ရပ်ကို
ဖော်ပြီး နောက်ဆုံးမှ
ဖော်ဆောင်ပေးခဲ့တာ
Washington Pos

နိုင်ငံတော်သမ္မတ
Washington Pos

တွေဟာ လွန်ခဲ့တဲ့အ
အကြောင်း နားလည်
နိုင်ငံတော်သမ္မတ

ရှိပါတယ်။ ပြောရရင်
စနစ်ကို အချိန်တိုအ
ပျက်မလောက်ဖြစ်သ
ချပြီးတော့ တစ်ဆင့်
ဘာပဲဖြစ်ဖြစ် အခုဆို
ပါလား။
Washington Pos

လည်း ပါဝင်နေတာ
ပြည်သူကအုပ်ချုပ်တ
ဖြစ်တယ်လို့ ယုံကြ
နိုင်ငံတော်သမ္မတ

လေးပုံတစ်ပုံပါပါတ
လို့ မရပါဘူး။ တိုင်း
တပ်မတော်ကလည်း
ပါတယ်။ တပ်မတော်
Washington Pos

ရဲ့အာဏာဟာ ဘယ
အမေရိကန်နိုင်ငံမှာလ
ပိုပါတယ်။
နိုင်ငံတော်သမ္မတ

မှာ အကြီးအကဲဖြစ်
ပါတယ်။
Washington Pos

မြန်မာနိုင်ငံမှာ ချူက
ပြောဆိုခဲ့ပါတယ်။
တပ်မတော်ပိုင်းဆိုင်
မလားဆိုတာ သိလို
နိုင်ငံတော်သမ္မတ

အများကြီးသေစေနိုင်
မရှိပါဘူး။ ဒါတွေက
ဖြစ်ပါတယ်။ ဘာကြေ
လက်နက် မပြန့်ပွား
အမြဲတမ်း ရပ်တည်
ချမှတ်ထားတဲ့ Resol
နိုင်ငံလည်းဖြစ်ပါတ
ခဲ့ယမ်းကိစ္စတွေနဲ့ ပ
မြောက်ကိုရီးယားနိုင်
မဟုတ်ပါဘူး။ မြန်မာ
နိုင်တဲ့အထိ ငွေကြေ
စွပ်စွဲချက်ပဲ ဖြစ်ပါတ
Washington Pos

နိုင်ငံတော်သမ္မတ

ကိစ္စပါပဲ။ ဒီဟာက ကျ
တင်ပြီးတော့ ဒီ IAE

...ကန်အထက်လွှတ်တော်
...အား ၁၇-၁-၂၀၁၂

...နိုင်ချင်ပါတယ်။ ဒုတိယ
... အဆက်အသွယ်မရှိသေး
...က်သွယ်ဖို့ ကျွန်တော်တို့
...ပါအဝင်၊ EU အပါအဝင်
...တွေ လုပ်ထားတာ အနှစ်
...ထားဆီးပိတ်ဆို့မှုတွေကို
...တော်သမ္မတတစ်ယောက်
... ဆန္ဒဖြစ်ပါတယ်။
...မ္မတကြီးအနေနဲ့ ပြုပြင်
...အောင်မြင်စွာဆောင်ရွက်
...လုပ်ခဲ့ပြီး ဖြစ်ပါတယ်။
...နိုင်ကြီး မစ္စစ်ကလင်တန်က
... နှစ်နိုင်ငံဆက်ဆံရေးကို
...ငံအကြား သံအမတ်ကြီး
...ကြညာခဲ့တယ်လို့ ကြားသိ
...လား။
...ည်း ဒီယနေ့အထိတော့
...း။
...ာ တချို့ကိစ္စရပ်များဟာ
...ရှိတတ်ပါတယ်။ ဒီကိစ္စနဲ့
...တ် မစ္စတာမက်ကောနယ်

...း အနောက်နိုင်ငံတွေရဲ့
...ယ်။ တစ်အချက်က နိုင်ငံ
... သူတို့ပြောဆိုသုံးစွဲနေတဲ့
...ကြားဖြတ်ရွေးကောက်ပွဲ
...စုကြည်နဲ့ သူ့ရဲ့အဖွဲ့တွေ
...ခုက အနောက်နိုင်ငံတွေ
... ယခုဒီကိစ္စ(၃)ခုစလုံးကို
...ငံအပိုင်းကတော့ တာဝန်
...နဲ့ EU တို့ တာဝန်ကျေဖို့
...ည်း ဘယ်သူ့ဘယ်ဝါရဲ့
... မဟုတ်ဘဲ နိုင်ငံရဲ့ လက်ရှိ
...ကြောင့် ကျွန်တော်တို့

...လား။
...ပါဘူး။ ကျွန်တော်တို့ နိုင်ငံ
...ရောက် ဒါတွေဟာ လုပ်ကို
...ပါတယ်။
...ဘာဟာ ပိတ်ဆို့မှုကြောင့်
...မေရိကန်ကထင်နေတာက
...အပေါ်မှာ ထိရောက်မှုရှိနေ

...ငံပေါ်ထိရောက်မှု ရှိ မရှိ
...ယ်ဆိုရင် ဒီ Sanction
...အစိုးရက ပြုတ်သွားတာ
...စီစနစ်ကျင့်သုံးတဲ့ အစိုးရ
...ခဲ့ခြင်းသာ ဖြစ်ပါတယ်။
... ဒါပေမယ့် ပြည်သူလူထု
...သိနာတယ်။ ပြည်သူတွေ
...မ္မတကြီးက ခုနက

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချမှတ်ခဲ့တဲ့ နိုင်ငံရေးလမ်းစဉ် (၇)ရပ်နဲ့ပတ်သက်ပြီး ပြောနေတာပါလား။

နိုင်ငံတော်သမ္မတ ။ မှန်ပါတယ်။ ပြီးခဲ့တဲ့အစိုးရဟာ ပြုတ်သွားတာ မဟုတ်ပါဘူး။ ဒီ Sanction ကြောင့် ပြုတ်သွားတာ မဟုတ်ပါဘူး။ ဒီမိုကရေစီအသွင် ပြုပြင်ပြောင်းလဲပေးဖို့အတွက် မူလကတည်းက ရည်ရွယ်ချက်ရှိပါတယ်။ ရည်ရွယ်ချက်ရှိတဲ့အတိုင်း ဒီလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီးတော့ တစ်ဆင့်စီတစ်ဆင့်စီ အကောင်အထည်ဖော်ပြီး နောက်ဆုံးမှာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးတဲ့ အစိုးရတစ်ရပ်ကို ပြောင်းလဲဖော်ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။

Washington Post ။ ဒီလမ်းစဉ်(၇)ရပ်ဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ပေါ်ထွန်းလာအောင် လမ်းခင်းပေးခဲ့တာဖြစ်ပါသလား။

နိုင်ငံတော်သမ္မတ ။ မှန်ပါတယ်။

Washington Post ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြင်ပလူတွေက သိပ်ပြီးမသိကြပါဘူး။ ကျွန်မ ဆီးနိတ်တာ မက်ကောနယ်နဲ့ ညစာစားတော့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေဟာ လွန်ခဲ့တဲ့အချိန်အတော်များစွာအတွင်းကပင် စီစဉ်ခဲ့တဲ့ကိစ္စ ဖြစ်တဲ့အကြောင်း နားလည်ခဲ့ရပါတယ်။

နိုင်ငံတော်သမ္မတ ။ **ဒီမိုကရေစီစနစ်ကို ပြောင်းတဲ့အခါမှာ ချက်ချင်းအချိန်တိုအတွင်း ဖြစ်သလို ပြောင်းလဲလိုက်တဲ့အတွက်ကြောင့် ဒီကနေ့ကမ္ဘာမှာ ဒုက္ခရောက်နေတဲ့နိုင်ငံတွေ ရှိပါတယ်။ ပြောရရင် ခင်ဗျားလည်း သိပါတယ်။ အဲဒီ နိုင်ငံတွေဟာ ဒီမိုကရေစီစနစ်ကို အချိန်တိုအတွင်း အတင်းပြောင်းလိုက်တဲ့အတွက်ကြောင့် တိုင်းပြည်ပျက်မလောက်ဖြစ်သွားတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က (7) Step ကို ချပြီးတော့ တစ်ဆင့်ချင်းတစ်ဆင့်ချင်း အချိန်ယူပြီး ပြောင်းလာရတာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုဆိုရင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ အစိုးရဖြစ်လာပြီ မဟုတ်ပါလား။**

Washington Post ။ လွှတ်တော်အတွင်း ၂၅ ရာခိုင်နှုန်းကို တပ်မတော်အတွက် လျာထားတယ်ဆိုတာ ဟုတ်ပါသလား။ ယခု ပြုပြင်ပြောင်းလဲရေးကိစ္စတွေမှာ တပ်မတော်ဘက်ကလည်း ပါဝင်နေတာမျိုး ဖြစ်နေပါတယ်။ အကြောင်းကတော့ ဒီမိုကရေစီဆိုတာ ပြည်သူကအုပ်ချုပ်တာဖြစ်ပြီး တပ်မတော်အပေါ် အာဏာသက်ရောက်တဲ့ အစိုးရဖြစ်တယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတော်သမ္မတ ။ တပ်မတော်ဟာ အုပ်ချုပ်ရေးအပိုင်းမှာ ဘာမှ ဝင်စွက်ဖက်တာမရှိပါဘူး။ လွှတ်တော်ထဲမှာတော့ ခင်ဗျားမြင်တွေ့တဲ့အတိုင်း တပ်မတော်အင်အားက လေးပုံတစ်ပုံပါပါတယ်။ ကျွန်တော်တို့လို နိုင်ငံမျိုးဟာ တပ်မတော်ကို ပစ်ပယ်ထားလို့ မရပါဘူး။ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်တဲ့နေရာမှာ တပ်မတော်ကလည်း အစိတ်အပိုင်းတစ်ခုကနေ ဝင်ပြီးတော့ ကူညီပေးတာပဲဖြစ်ပါတယ်။ တပ်မတော်က ဝင်အုပ်ချုပ်တာမဟုတ်ပါဘူး။

Washington Post ။ တပ်မတော်ဟာ ပါဝင်ရမယ်ဆိုတာကို ကျွန်မတို့ နားလည်ပါတယ်။ သို့သော် ပြည်သူရဲ့အာဏာက လွှမ်းမိုးရမယ်ဆိုတာ ပြောကြားလိုပါတယ်။ ပြည်သူတွေရဲ့အာဏာဟာ ဘယ်အရာပေါ်မှာမဆို လွှမ်းမိုးနိုင်မှုရှိရပါမယ်။ ကျွန်မတို့ အမေရိကန်နိုင်ငံမှာလည်း သမ္မတကြီးရဲ့အာဏာဟာ တပ်မတော်အကြီးအကဲထက် ပိုပါတယ်။

နိုင်ငံတော်သမ္မတ ။ **မှန်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီအတိုင်းပါပဲ။ မြန်မာနိုင်ငံရဲ့ Constitution ကို ခင်ဗျားနည်းနည်းပြန်ပြီးလေ့လာပေးပေါ့။ Constitution အရ တပ်မတော်မှာ အကြီးအကဲဖြစ်တဲ့ ကာကွယ်ရေးဦးစီးချုပ်ကို သမ္မတကနေ ခန့်အပ်တာဖြစ်ပါတယ်။**

Washington Post ။ နောက်တစ်ခုက DPRK နဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ ဟိုတလောက ရီပတ်ဘလီကင်ပါတီရဲ့ ဆီးနိတ်တာ ဘလျူကာက DPRK နိုင်ငံရဲ့ အထောက်အပံ့နဲ့ မြန်မာနိုင်ငံမှာ နျူကလီးယားအစီအစဉ်တစ်ရပ်ကို ဆောင်ရွက်နေတယ်လို့ စွပ်စွဲပြောဆိုခဲ့ပါတယ်။ ဒါကြောင့် သမ္မတကြီးအနေနဲ့ မြန်မာနိုင်ငံနဲ့ DPRK တို့ နှစ်နိုင်ငံ ဆက်ဆံရေးအပေါ် ပွင့်ပွင့်လင်းလင်း ပြောဆိုပေးနိုင်မလားဆိုတာ သိလိုပါတယ်။

နိုင်ငံတော်သမ္မတ ။ **မြောက်ကိုရီးယားနိုင်ငံနဲ့ ကျွန်တော်တို့ သံတမန်ဆက်ဆံရေးရှိပါတယ်။ ဒီနိုင်ငံနဲ့ သာမန်သံတမန်ဆက်ဆံရေးမှအပ အခြား နျူကလီးယားကိစ္စ၊ လူအများကြီးသေစေနိုင်တဲ့ လက်နက်ခဲယမ်းကိစ္စတွေနဲ့ ပတ်သက်ပြီး ဆက်ဆံတာမရှိပါဘူး။ ဒါတွေက ကျွန်တော်တို့အပေါ်မှာ ယုံမှားသံသယဖြစ်နေတဲ့ ကိစ္စတွေပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အပြည်ပြည်ဆိုင်ရာနယ်ပယ်မှာ နျူကလီးယားလက်နက် မပြန့်ပွားရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံဟာ မပြန့်ပွားရေးဘက်က အမြဲတမ်း ရပ်တည်ဆောင်ရွက်နေတဲ့နိုင်ငံ ဖြစ်ပါတယ်။ နောက်တစ်ခုက UN ကနေ ချမှတ်ထားတဲ့ Resolution နဲ့ ပတ်သက်ပြီး တိကျစွာ လိုက်နာဆောင်ရွက်နေတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ အမှန်ကတော့ ဒီနျူကလီးယားကိစ္စ၊ လက်နက်ခဲယမ်းကိစ္စတွေနဲ့ ပတ်သက်ပြီး မြောက်ကိုရီးယားနဲ့ အဆက်အဆံမရှိပါဘူး။ မြောက်ကိုရီးယားကလည်း မြန်မာနိုင်ငံကို အကူအညီပေးနိုင်တဲ့ နိုင်ငံမျိုး မဟုတ်ပါဘူး။ မြန်မာနိုင်ငံကလည်း နျူကလီးယားလက်နက်တို့ဘာတို့ ထုတ်လုပ်နိုင်တဲ့အထိ ငွေကြေးပြည့်စုံတဲ့နိုင်ငံမျိုး မဟုတ်ပါဘူး။ ဒါအခြေအမြစ်မရှိတဲ့ စွပ်စွဲချက်ပဲ ဖြစ်ပါတယ်။**

Washington Post ။ ဒါဆိုရင် သမ္မတကြီးအနေနဲ့ မြန်မာနိုင်ငံကို IAEA စုံစမ်းစစ်ဆေးရေးအဖွဲ့ လာရောက်ဖို့ ခွင့်ပြုသွားမှာပါလား။

နိုင်ငံတော်သမ္မတ ။ ပထမအဆင့် ကျွန်တော်တို့ ဒီ IAEA ရဲ့ Additional Protocol ကို လက်မှတ်ရေးထိုးဖို့ရှိပါတယ်။ ဒီကိစ္စကလည်း ကျွန်တော်တို့ အခုစဉ်းစားနေတဲ့ကိစ္စပါပဲ။ ဒီဟာက ကျွန်တော်တို့ လွှတ်တော်တို့ဘာတို့ကို တင်ရမယ်။ လွှတ်တော်ကို တင်ပြီးတော့ ဒီ IAEA ရဲ့ Additional Protocol ကို လက်မှတ်ထိုးပြီးမှသာလျှင် ရှေ့ဆက်ပြီး ဆောင်ရွက်ရမယ့်ကိစ္စတွေဖြစ်ပါတယ်။ အဲဒီ Protocol ကို ကျွန်တော်တို့ လက်မှတ်ထိုးတဲ့အဆင့်ကို မရောက်သေးပါဘူး။

Washington Post ။ သမ္မတကြီးအနေနဲ့ အမေရိကန်စာဖတ်သူများကို သိရှိစေလိုတဲ့ အချက်များရှိရင် ပြောကြားပေးပါ။

နိုင်ငံတော်သမ္မတ ။ **သိရှိစေချင်တဲ့ အချက်တွေကတော့ အခု ကျွန်တော်တို့ လက်ရှိအစိုးရသစ်ဟာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖို့အတွက် ပြည်သူလူထုကနေပြီးတော့ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်ပါတယ်။ ဒီမိုကရေစီ လမ်းကြောင်းပေါ်ကိုလည်း ကျွန်တော်တို့ ရောက်နေပြီဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်နေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ရှေ့ကိုဆက်ပြီးသွားမှာ ဖြစ်ပါတယ်။ နောက်ကို ပြန်လှည့်စရာအကြောင်းမရှိပါဘူး။ သို့သော် မြန်မာနိုင်ငံ အစိုးရ အသစ်က သက်တမ်းအားဖြင့် ကိုးလလောက်ပဲရှိပါသေးတယ်။ ဒီမိုကရေစီအတွေ့အကြုံ အင်မတန်မှ နုနယ်ပါသေးတယ်။ ဒီမိုကရေစီအလေ့အထ အင်မတန်မှ အားနည်းပါသေးတယ်။ ဒီတော့ နှစ်ပေါင်းရာနဲ့ချီပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာတဲ့ အမေရိကန်နဲ့တော့ တန်းတူရည်တူ နှိုင်းယှဉ်လို့ မရသေးပါဘူး။ ဒီမိုကရေစီ ရင့်သန်ဖွံ့ဖြိုးဖို့အတွက် အချက်(၂)ချက် လိုပါတယ်။ တစ်ချက်ကတော့ တိုင်းပြည် တည်ငြိမ်အေးချမ်းဖို့ဖြစ်ပါတယ်။ ဒီကိစ္စကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ ထိတွေ့တာအပါအဝင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ Ethnic Groups တွေနဲ့ ငြိမ်းချမ်းရေးရဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒုတိယအချက်ကတော့ ဒီမိုကရေစီရင့်သန်ဖွံ့ဖြိုးဖို့အတွက် တိုင်းပြည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူတွေဟာ အလုပ်အကိုင် အခွင့်အလမ်းတွေရမယ်၊ ကောင်းကောင်းမွန်မွန် ဝတ်နိုင်၊ စားနိုင်မယ်၊ နေနိုင်မယ်ဆိုတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လိုအပ်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ လုပ်နေပါတယ်။ လက်ရှိအနေအထားအရ တိုင်းပြည်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေ အင်မတန်နည်းပါးပါတယ်။ နည်းပါးတဲ့အတွက်ကြောင့် သူများတိုင်းပြည်တွေမှာ သွားပြီး အလုပ်လုပ်နေရတဲ့ ရွှေ့ပြောင်းအလုပ်သမား သုံးသန်းကျော်လောက် ရှိပါတယ်။ ပြည်တွင်းမှာလည်း ဆင်းရဲနွမ်းပါးမှုနှုန်းဟာ ၂၆ ရာခိုင်နှုန်းလောက် ရှိနေပါတယ်။ ဒါတွေဟာ ဘာကြောင့်လဲဆိုရင် မြန်မာနိုင်ငံကို နှစ်ပေါင်း ၂၀ ကျော်လောက် စီးပွားရေးအရ ပိတ်ပင်တားဆီးထားတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဒီတော့ စီးပွားရေးအရ ပိတ်ပင်တားဆီးထားခြင်းဟာ မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းတွေဆုံးရှုံးပြီး တိုင်းပြည်ဆင်းရဲတာ၊ နောက်တစ်ခါ အလုပ်လက်မဲ့တွေ ပေါ်လာတာ ဒါပဲ ဖြစ်ပေါ်စေပါတယ်။ ပြည်သူလူထုကို ထိခိုက်နစ်နာစေပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ် ဆက်ပြီးကျင့်သုံးစေချင်တယ်။ ဒီမိုကရေစီ ဆက်ပြီးရင့်သန်ဖွံ့ဖြိုးစေချင်တယ်ဆိုလို့ရှိရင် စီးပွားရေးအရ ပိတ်ဆို့တားဆီးထားမှုတွေကို ဖြေလျှော့ပေးဖို့ ခင်ဗျားတို့ဝိုင်းပြီး ဆောင်ရွက်ပေးသင့်ပါတယ်။ ဝါရှင်တန်ပို့စ်လို အင်မတန်အရှိန်အဝါကြီးတဲ့ သတင်းစာကြီးကနေ ဝိုင်းပြီးပြောကြားပေးသင့်ပါတယ်။**

Washington Post ။ အမေရိကန် ဆီးနိတ်တာ မစ်မက်ကောနယ်ကိုယ်တိုင်က Sanction မှာ Active ဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ၎င်းပင်လျှင် သမ္မတကြီးဘက်ကို ပါနေပြီဆိုတာ သိရှိရပါတယ်။ သမ္မတကြီးကိုယ်တိုင် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးတယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါကြောင့် သမ္မတကြီးအနေနဲ့ နိုင်ငံကို Privatize လုပ်ပစ်မှာလား။ ဒါမှမဟုတ် Foreign Investment တွေ မြန်မာနိုင်ငံကို လာဖို့ဖိတ်ခေါ်မှာလားဆိုတာ သိလိုပါတယ်။

နိုင်ငံတော်သမ္မတ ။ **မှန်ပါတယ်။ Foreign Investment တွေကို ကျွန်တော်တို့ အမြဲတမ်း Welcome လုပ်ထားပါတယ်။ သူတို့တွေလာပြီးတော့ ရင်းနှီးမြှုပ်နှံနိုင်ဖို့ ရင်းနှီးမြှုပ်နှံမှု ဥပဒေတွေကို အခက်အခဲမရှိအောင် ပြင်ဆင်ထားပါတယ်။ သို့သော်လည်း ဒီအဖွဲ့တွေလာပြီး ရင်းနှီးမြှုပ်နှံဖို့ဆိုတာ Sanction ကို ဖြေလျှော့ပေးမှ ဒီအဖွဲ့တွေက ယုံယုံကြည်ကြည်နဲ့ လာပြီးရင်းနှီးမြှုပ်နှံကြမှာ ဖြစ်ပါတယ်။**

Washington Post ။ သို့သော် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးကိုလည်း မေးမြန်းလာပါလိမ့်မယ်။

နိုင်ငံတော်သမ္မတ ။ တိုင်းပြည် တည်ငြိမ်အေးချမ်းမှု ရှိနေပါတယ်။ နယ်စပ်က လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း အခုဆိုရင် အပစ်အခတ်ရပ်စဲနေပြီ ဖြစ်ပါတယ်။ တကယ်တော့လာရောက်ပြီး ရင်းနှီးမြှုပ်နှံဖို့အတွက် အဓိက အခက်အခဲက Sanction ပိတ်ထားတဲ့ အခက်အခဲကြောင့်ပဲဖြစ်ပါတယ်။ ကျန်တဲ့ အခက်အခဲ မရှိပါဘူး။

Washington Post ။ သမ္မတကြီးအနေနဲ့ ကိုးလအတွင်းမှာ ကိစ္စရပ်များစွာ ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး မြန်မာနိုင်ငံမှာ မီဒီယာလွတ်လပ်ခွင့်ရရှိစေဖို့ ဘယ်လိုဆောင်ရွက်သွားပါမလဲ။ အထူးသဖြင့် ၁၉၆၀ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ မီဒီယာဥပဒေ၊ နောက်ပြီး ပုဂ္ဂလိက နေ့စဉ်သတင်းစာများထုတ်ဝေမှုကို ခွင့်ပြုလာမှာလား သိလိုပါတယ်။ ကျွန်မရဲ့ မိဘားစုဟာ ဝါရှင်တန်ပို့စ်ကို ပိုင်ဆိုင်တာဖြစ်တဲ့အတွက် သိလိုပါတယ်။

နိုင်ငံတော်သမ္မတ ။ **မီဒီယာနဲ့ပတ်သက်ပြီးတော့ ခင်ဗျားလည်း အခုတွေ့မှာပါ။ အရင်အစိုးရတွေလက်ထက်နဲ့ မတူပါဘူး။ အခု ဂျာနယ်တွေမှာ ပွင့်ပွင့်လင်းလင်း ရေးနေကြတာပါပဲ။ သို့သော် ကျွန်တော် စောစောကပြောခဲ့သလို ကျွန်တော်တို့က ဒီမိုကရေစီအတွေ့အကြုံနည်းသေးတယ်။ ဒါကြောင့် မီဒီယာလွတ်လပ်ခွင့်နဲ့ပတ်သက်ပြီး တစ်ဖက်ကလည်း လွတ်လွတ်လပ်လပ်လုပ်ဖို့၊ တစ်ဖက်ကလည်း လွတ်လပ်မှုနဲ့ တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ဆင်ခြင်တုံတရား ယှဉ်တွဲကျင့်သုံးပြီး စည်းကမ်းရှိဖို့နဲ့ တာဝန်ယူမှုရှိဖို့ ဆောင်ရွက်နေတယ်။ လွတ်လပ်မှုနဲ့အတူ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း လိုအပ်ပါတယ်။**

Washington Post ။ မီဒီယာ လွတ်လပ်ခွင့်ကနေပြီးတော့ ဆင်ဆာကို ဖယ်ရှားပေးပါမလား။

နိုင်ငံတော်သမ္မတ ။ လောလောဆယ်တော့ လွတ်လပ်မှုတွေ ပေးထားပါတယ်။ ဥပဒေထုတ်ပြန်ဖို့ ရှိပါတယ်။

(သတင်းစဉ်)

✻ ကွန်ကရစ်ဘလောက်တုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် UN- Habitat ဌာနေကိုယ်စားလှယ်တို့က အဆောက်အအုံကို အုတ်မြစ်ချပေးကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN- Habitat တို့၏ နားလည်မှုစာချွန်လွှာပါ စီမံကိန်း(၁)၊ မြို့ပြဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသန ရုံးခန်းအကြိုဖွင့်ပွဲ အခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ UN- Habitat အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များသည် ရုံးခန်းပြင်ဆင်ထားရှိမှုနှင့် ခင်းကျင်းပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

သုတေသနလုပ်ငန်းတစ်ရပ်ကို မိမိတို့ အကောင်အထည်ဖော် လျက်ရှိကြောင်း၊ နိုင်ငံတကာ ဝါးနှင့်ကြိမ် သုတေသနကွန်ရက်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဂျေဟူဂျင်ဒွန်းက ပြောကြားသည်။ အဆိုပါ အဖွဲ့အစည်းသည် တရုတ်နိုင်ငံနှင့်အတူ လောင်စာထင်းအစားထိုးရေး နည်းလမ်းများကို သုတေသနပြုလျက်ရှိသည်။

အီသီယိုးပီးယားနှင့် ဂါနာနိုင်ငံတို့၌ ဝါးမီးသွေးသုံးစွဲရေး ရွေ့ပြောင်းစီမံကိန်းမှာ အောင်မြင်မှုရရှိနေကြောင်း၊ အဓိမ်းရောင်ဇီဝလောင်စာသုံးစွဲရေး ပြည်သူ့လုပ်ရှားမှု အစီအစဉ်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်သွားရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

သစ်တောပြုန်းတီးမှု နည်းပါးရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများမှ ကျော်လွှားလွန်မြောက်ရေးတို့တွင် အစားထိုးလောင်စာအဖြစ် ဝါးကိုအသုံးပြုနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၁၂ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂလိမာလသုတ်၊ တေဇွဂ္ဂိသုတ်၊ ပဇ္ဇမာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	"ပဋိစ္စသမုပ္ပာဒ်ကျင့်စဉ်" တရားတော် (မြောက်ဦးဆရာတော် ဓနဝါသီ အရှင်ဝါယာမိန္ဒ)
၆း၃၀	သတ္တမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်ဓါးရေဇာ" (အပိုင်း-၉၃)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၆)**
၈း၅၀	The Shop Around The Corner (Part-5)
၉း၀၀	New Star Gems & Jewellery Show (Part-3)
၉း၃၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၅	CEO Classic Golf TOURNAMENT ဂေါက်သီး ရိုက်ပြိုင်ပွဲ
၁၁း၂၀	ကြည်နူးပျော်ရွှင်စွာဆင်နွဲ မြောင်းမြမြို့ အထက(၁)၏ အာစရိယပူဇော်ပွဲ
၁၁း၄၀	ဂုဏ်ထူးဦးသိန်းနိုင်၏ ပညာရည်ချွန်ဆုပေးပွဲနှင့် အာစရိယပူဇော်ပွဲ
၁၂း၀၀	ပါမောက္ခဒေါက်တာမောင်ဝင်း (အသည်း)နှင့်အဖွဲ့၏ အခမဲ့ နယ်လှည့်ဆေးကုသမှုခရီးစဉ် (မုံရွာမြို့)
၁၂း၂၀	Silk & Style 4th Anniversary
၁၂း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃၁)**
၁း၂၀	ယဉ်ကျေးလိမ္မာကလေးအထူး တရားသင်တန်း (မေတ္တာတရား သာသနာ့ရိပ်သာ)
၁း၀၀	"ပဋိစ္စသမုပ္ပာဒ်ကျင့်စဉ်" တရားတော် (မြောက်ဦးဆရာတော် ဓနဝါသီ အရှင်ဝါယာမိန္ဒ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၆)**
၃း၁၀	MNL MYANMAR 2012 (Magwe FC Vs Rakhapura United FC) (LIVE)
၅း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃၂)**
၆း၀၀	MRTV-4 သတင်း
၆း၁၅	Kid's Show
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်ဓါးရေဇာ" (အပိုင်း-၉၄)**
၇း၄၀	Movie Talk
၈း၀၀	MRTV-4 သတင်း
၈း၃၀	သွားမယ်စားမယ်
၈း၄၅	မြန်မာ့ပြည်ဖစ်အားအကယ်ဒမီ ပွဲတက်ဖက်ရှင်များ
၈း၅၅	ရန်ကုန်မြင်ကွင်းကျယ်
၉း၁၀	Fashion Week
၉း၂၅	Barclays Premier League (Everton Vs Blackburn)
၁၁း၂၅	VJ Choice
၁၁း၅၅	Barclays Premier League (Bolton Vs Liverpool)
၂း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၇)**
၂း၅၀	**သွေးသစ္စာ** (မင်းသွေး၊ ဟုလံဝင်း၊ ဦးစိုးမြင့်) [ဒါရိုက်တာ-အောင်မိုး(ဝရစ်)]
၃း၀၀	World of Knowledge
၃း၄၅	Aureum Palace Resort (Ngwe Saung)
၄း၁၅	ခါတစ်လှည့်. . . လာလှည့်ပါ ဆိုင်ခွန်ရွာ. . .
၄း၃၀	စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
၄း၄၀	မြေကြီးကရွှေသီးဖို့ ရေထိမ်း သဘာဝဂုဏ်ကို သုံးကြစို့
၄း၅၀	သာသနာ့ရှုခင်း
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	Norwich - Chelsea	ESPN
၉း၂၅	Fulham - Newcastle	ESPN
၉း၂၅	Everton - Blackburn	STAR SPORTS (MRTV-4)
၁၁း၅၅	Bolton - Liverpool	ESPN (MRTV-4)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဒေါက်တာမောင်မောင်လေး၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား ထိုင်းနိုင်ငံ KASIKORN BANK Group မှ First Senior Vice President, Mr. Pattanapong Tansomboon ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံသည်။

အလားတူ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်နှင့် အသင်းဝင် လုပ်ငန်းရှင်များအား ထိုင်းနိုင်ငံ Siam Cement General Trading Co., Ltd. မှ Managing Director, Mr. Kalin Sarasin ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် အသင်းချုပ်ရုံး၌ လာရောက် တွေ့ဆုံခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းအား ထိုင်းနိုင်ငံ KASIKORN BANK Group မှ First Senior Vice President, Mr.Pattanapong Tansomboon ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာဂေါက်သီးကစားသမားများ အောင်နိုင်ရေးအတွက် Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာပီဂျီအေနှင့် Asian Tour တို့ ပူးပေါင်းကျင်းပမည့် Zaykabar Myanmar Open 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် မြန်မာဂေါက်သီးကစားသမားများ အောင်နိုင်ရေးအတွက် အကြိုဂေါက်သီးရိုက်ပြိုင်ပွဲ (Road To Victory)ကို ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ Royal Mingalardon Golf & Country Club ၌ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသွားမည်ဖြစ်ရာ ရွေးချယ်ခံထားရသူပြိုင်ပွဲဝင် ကစားသမားများ ဖြစ်ကြသော ဇော်ဇော်လတ်၊ စိုးကျော်နိုင်၊ ယဉ်အောင်လတ်၊ လှမျိုး၊ မင်းနိုင်၊ အောင်ဝင်း၊ ဘိုဘို၊ သိန်းဇော်မြင့်၊ နိုင်နိုင်လင်း၊ ရန်မျိုးအေး၊ ဇော်ဇင်ဝင်း၊ အောင်ဆန်းဝင်း၊ နေဗလဝင်းမြင့်၊ မြင့်ရွှေ၊ စိုးမိုးဝင်း၊ ရန်နိုင်ဖြိုးနှင့် မြန်မာ့လက်ရွေးစင်ကစားသမားများ ဖြစ်ကြသော မျိုးဝင်းအောင်၊ မောင်မောင်ဦး၊ နိုင်ရဲလင်းနှင့် ရဲထက်အောင်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယခုကျင်းပမည့် အကြိုပြိုင်ပွဲသည် မြန်မာအိုးပင်းအတွက် လက်ရည်မြင့်တင်ပေးသော ပွဲဖြစ်ခြင်းနှင့် ပွဲအောင်နိုင်ရေးအတွက် နိုင်ငံတကာမှ ဂေါက်သီးအကျော်အမော်များနှင့် လက်ရည်တူယှဉ်ပြိုင်ကာ အကောင်းဆုံး လက်စွမ်းပြနိုင်ရေးကို ဦးတည်ယှဉ်ပြိုင်စေမည့်ပြိုင်ပွဲကြီးဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံပညာကျောင်းပေါင်းစုံ အလွတ်တန်းခရစ်ကက်ပြိုင်ပွဲများစတင်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အလွတ်တန်းခရစ်ကက်ပြိုင်ပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရွှေပင်လုံ နိုင်ငံတကာအဆင့်မီ ခရစ်ကက်အားကစားကွင်း၌ ယနေ့ကျင်းပသည်။ ပြိုင်ပွဲသို့ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် အမှုဆောင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ အသင်းများ လာရောက်ကြပြီး အုပ်စု(က) ပွဲစဉ်အဖြစ် မင်္ဂလာဒုံ အလက(၆)အသင်းနှင့် သဃ်န်းကျွန်း အလက(၃)အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ (ခရစ်ကက်အဖွဲ့ချုပ်)

လားရှိုးတက္ကသိုလ် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

လားရှိုး ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးတက္ကသိုလ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ဒီဇင်ဘာ ၂၉ ရက်က တက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပရာ ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ခံပါမောက္ခချုပ် ဒေါက်တာမောင်မောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းလှိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

အဆိုပါ လားရှိုးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က စတင်၍ မီတာ ၁၀၀/၈၀၀ အလျားခုန်ပွဲစဉ်များ ယှဉ်ပြိုင်ကြပြီး ဒီဇင်ဘာ ၂၈ ရက်တွင် မီတာ ၂၀၀/၄၀၀ သံလုံးပစ်ပွဲစဉ်များ ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဒီဇင်ဘာ ၂၉ ရက်တွင် မီတာ ၁၅၀၀ လှံတံပစ်၊ သံပြားဝိုင်းပစ်ပွဲစဉ်များယှဉ်ပြိုင်ကြကာ ပွဲစဉ်အလိုက်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၅၃၃)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်ဘော်လီဘောကွင်း၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းပွဲစဉ်များတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲ၊ အားကစားဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ညနေပိုင်းပွဲစဉ်များတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲ၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရရှိသွားကြပြီး ဇန်နဝါရီ ၂၁ ရက်တွင် ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပသွားမည်ဖြစ်ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စက်မှုဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းမြို့အဝင် ရှာဖွေရေးဂိတ်၌ မူးယစ်ဆေးဝါးအမြောက်အမြား ဖမ်းမိ

စစ်ကိုင်း ဇန်နဝါရီ ၂၀

စစ်ကိုင်းမြို့တွင် မူးယစ်ဆေးဝါးများ အမြောက်အမြား ဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၆ ရက် ည ၁၀ နာရီခွဲက ဖြစ်ပွားခဲ့သည်။ အမှုမှာ မုံရွာဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း မောင်ပြား(ခ)ငပြောင် မောင်းနှင်လာသည့် လိဖန်းအမျိုးအစား လေးလုံးထိုး ကားရှေ့မှန်ကြီးတွင် ဌာနဆိုင်ရာ တံဆိပ်တပ်ဆင်ပြီး စီမံကိန်းအထူးတာဝန်ရေးသားသည့် ယာဉ်အမှတ် ၉၄/. . . သည် စစ်ကိုင်းမြို့အဝင် ပဲကတိုးရှာဖွေရေးဂိတ်အရောက်တွင် မုံရွာမူးယစ်အထူးအဖွဲ့မှ ရဲအုပ် အောင်ဆွေသိန်းနှင့် အဖွဲ့၊ စစ်ကိုင်းအမှတ်(၁) ရဲစခန်းမှ ဒုတိယရဲအုပ် ဉာဏ်တင်နှင့်အဖွဲ့က သက်သေများနှင့်အတူ ယာဉ်အားရှာဖွေရာ စုစုပေါင်းအလေးချိန် ၁၇၅ ဒသမ ၈ ကီလိုရှိ မူးယစ်ဆေးဝါးများကို ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။ ထိုသို့ မဖမ်းဆီးမီ ယာဉ်မောင်း မောင်ပြား(ခ)ငပြောင် (၂၅)နှစ် တပ်ဦး(၁၀)ရပ်ကွက် ကလေးမြို့နေသူနှင့် ပစ္စည်းပိုင်ရှင် လန်ဒိုမုန်(၃၈)နှစ် ကလေးမြို့နေသူတို့သည် ပဲကတိုးရှာဖွေရေးဂိတ်မရောက်မီ ကားပေါ်မှ ခုန်ချထွက်ပြေးခဲ့ပြီး စစ်ကိုင်း အမှတ်(၁) ရဲစခန်းမှ (ပ)မယ ၃/၂၀၁၁ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆ (ခ) အရ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၂၅)

စစ်ကိုင်းမြို့အဝင် ပဲကတိုးရှာဖွေရေးဂိတ်တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။ (၂၂၅)

စက်သုံးဆီ ရောင်းဈေးနှုန်းများ

၂၀-၁-၂၀၁၂ (သောကြာနေ့)

Mean of Platts Singapore Price(MOPS)အရ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း	ဓာတ်ဆီ 92 Ron	ဒီဇယ်ဆီ
USD/1G	၃.၆၀	၃.၇၄
ကျပ်/ဂါလန် (1 USD=838 Kyats) နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးဌာန (သိမ်ဖြူရောင်းဈေးနှုန်း)	၃၀၁၆.၈၀	၃၁၃၄.၁၂

အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများ	(အမေရိကန်ဒေါ်လာ/ဂါလန်)	
နိုင်ငံ	ဓာတ်ဆီ 92Ron	ဒီဇယ်ဆီ
ကမ္ဘောဒီးယား	၅.၇၂	၅.၅၀
ထိုင်း	၄.၉၉	၄.၁၃
အိန္ဒိယ	၅.၅၉	၃.၄၈
တရုတ်	၄.၄၂	၄.၇၀
ဘင်္ဂလားဒေ့ရှ်	၄.၇၄	၃.၁၈
လာအို	၆.၃၁	၅.၃၀
စင်္ကာပူ	၇.၃၀	၅.၇၅
အင်ဒိုနီးရှား	၃.၅၃	၄.၃၂
ဖိလစ်ပိုင်	၅.၈၃	၄.၅၅
ဘရူနိုင်း	၁.၇၈	၁.၀၈
ကိုရီးယား	၇.၆၂	၇.၀၃

ဒေသအလိုက် ပြည်တွင်းရောင်းဈေးနှုန်းများ						(ကျပ်/ဂါလန်)
ဒေသများ	ပြည်တွင်းထုတ် ဓာတ်ဆီ		ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ 92Ron		ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ	
	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း
နေပြည်တော်	၃၅၀၀	၄၀၀၀	၃၈၀၀	၃၇၀၀	၃၇၀၀	၃၅၀၀
ရန်ကုန်	၃၃၅၀	၃၆၀၀	၃၆၅၀	၃၇၀၀	၃၅၀၀	၃၃၀၀
မန္တလေး	၃၅၀၀	၄၀၀၀	၄၁၀၀	၄၀၀၀	၃၆၀၀	၃၆၀၀
ပုသိမ်	၃၄၅၀	၃၈၀၀	၃၇၀၀	၃၅၀၀	၃၆၀၀	၃၃၀၀
ပဲခူး	၃၄၀၀	၃၆၀၀	၃၆၅၀	၃၆၅၀	၃၅၀၀	၃၅၀၀
ပြည်	၃၄၅၀	၄၀၀၀	၃၈၀၀	၃၈၀၀	၃၆၅၀	၃၅၀၀
မကွေး	၃၅၀၀	၄၀၀၀	၄၁၀၀	၄၀၀၀	၃၈၀၀	၃၅၀၀
မုံရွာ	၃၅၀၀	၄၃၀၀	၄၃၀၀	၃၉၀၀	၄၀၀၀	၃၄၀၀
တောင်ကြီး	၃၆၀၀	၄၅၀၀	၃၉၀၀	၃၉၀၀	၃၈၀၀	၃၇၀၀
လားရှိုး	၃၆၀၀	၄၀၀၀	၄၄၀၀	၄၀၀၀	၃၉၀၀	၃၆၀၀
ကျိုင်းတုံ	-	-	၄၁၅၀	၄၀၅၀	၄၃၀၀	၄၃၀၀
မော်လမြိုင်	၃၄၅၀	၃၅၀၀	၃၉၀၀	၃၅၀၀	၃၆၀၀	၃၄၀၀
လှိုင်ကော်	၃၇၀၀	၄၄၀၀	၄၀၀၀	၄၀၀၀	၃၈၀၀	၃၈၀၀
ဘားအံ	၃၅၀၀	၃၄၀၀	၃၆၀၀	၃၁၀၀	၃၅၀၀	၃၄၀၀
မြိတ်	၃၆၀၀	၃၀၀၀	-	၃၀၀၀	-	၃၀၀၀
စစ်တွေ	၃၆၅၀	၄၇၀၀	၅၀၀၀	-	၃၆၀၀	၃၃၅၀
မြစ်ကြီးနား	၃၆၅၀	၅၀၀၀	-	၄၇၀၀	၄၀၀၀	၄၀၀၀
ဟားခါး	၃၉၅၀	၅၅၀၀	၄၆၀၀	၄၇၀၀	၄၀၀၀	၄၂၀၀

စွမ်းအင်ဝန်ကြီးဌာန၏ ပြည်တွင်းထုတ်ဓာတ်ဆီရောင်းဈေးနှုန်းကို ဈေးကွက်ပေါက်ဈေးဖြင့် ပြင်ဆင်သတ်မှတ်ရောင်းချနိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် ၁-၁-၂၀၁၂ ရက်နေ့မှစ၍ ရန်ကုန်မြို့၌ အထိုင်ဈေးတစ်ဂါလန်လျှင် ၃၀၀၀ိ/- ဈေးနှုန်းသို့ စတင်ပြင်ဆင်သတ်မှတ်ရောင်းချခဲ့ပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကိုလည်း ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာပြန်လည်ရောင်းချခွင့်ပြုခဲ့သည့်အပြင် လိုအပ်သည့်နေရာများတွင် စွမ်းအင်ဝန်ကြီးဌာနအရန်ဆီများ ထပ်မံဖြည့်တင်းရောင်းချပေးနေသဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီ ပြင်ပပေါက်ဈေးနှုန်းများ သိသာစွာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ "သုတရောင်စုံပန်းခင်း"
၈း၂၀ ၈။ ကဗျာပန်းဥယျာဉ်
၈း၃၀ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ "၂၀၁၁ ကမ္ဘာ့အားကစားပုံရိပ်များ" (အပိုင်း-၄)
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂း၅၀ ၅။ "နူတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
၁း၀၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၄၂)**
၂း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၂း၁၀ ၈။ လောကနီတိ
၂း၅၀ ၉။ International News
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၃၅ ၄။ အတီးပြိုင်ပွဲ
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၇။ "အနုပညာမိုးကောင်းကင်မှယဉ်ကျေးမှုငွေကြယ်ပွင့်များ" (အပိုင်း-၃) (သရုပ်ဆောင်-ဖိုးသောကြာ)
၅း၃၅ ၈။ တေးဂီတအစီအစဉ်
၅း၄၅ ၉။ International Science News
၅း၅၅ ၁၀။ လှပစုံလင်အာဆီယံတစ်ခွင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၆း၄၅ ၁၄။ စိတ်အပန်းဖြေစရာတို့ချောင်းသာ
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၆)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၈၄)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ" (အပိုင်း-၇)**
၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
၂၂။ အစီအစဉ်ပြီး၏။

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကွန်ကရစ်ဘလောက်တုံးဖြင့် လက်တွေ့ရေကန်ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကွန်ကရစ်ဘလောက်တုံး အသုံးပြုနမူနာအဆောက်အအုံ အုတ်မြစ်ချခြင်းနှင့် နည်းပညာစက်ကိရိယာ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

ကုလသမဂ္ဂလူနေမြို့ရွာ ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN-Habitat တို့၏ နားလည်မှုစာချွန်လွှာပါ စီမံကိန်း(၄)၊ ကွန်ကရစ်ဘလောက်တုံး အသုံးပြုနမူနာအဆောက်အအုံ အုတ်မြစ်ချခြင်းနှင့် နည်းပညာစက်ကိရိယာ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်စိုး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ UN- Habitat မှ ဌာနေကိုယ်စားလှယ် Mr. Srinivasa Popuri၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UN- Habitat အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး UN- Habitat မှ ဌာနေကိုယ်စားလှယ် Mr. Srinivasa Popuri က ကွန်ကရစ်ဘလောက်တုံးပြုလုပ်ခြင်းနည်းပညာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် UN- Habitat မှ အင်ဂျင်နီယာတစ်ဦးက ကွန်ကရစ်ဘလောက်တုံးအသုံးပြုတန်ဖိုးနည်းအိမ်ရာဆောက်လုပ်ရေးနည်းပညာများ၊ လျှပ်စစ်ဓာတ်နှင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံများ၏ စံချိန်စံညွှန်းများ ရေးဆွဲရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် UN- Habitat ဌာနေကိုယ်စားလှယ်က စက်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုသင်တန်းကျောင်းအတွင်း ကွန်ကရစ်ဘလောက်တုံးဖြင့် လက်တွေ့ရေကန်ပြုလုပ်နေမှု၊ ကွန်ကရစ်ဘလောက်တုံးကို ပုံဖော်ပုံသွင်းစက်ကိရိယာဖြင့် အဆင့်ဆင့်ပြုလုပ်နေမှု၊ ကွန်ကရစ်ဘလောက်တုံးအရည်အသွေးကို (Hydraulic) စမ်းသပ်စက်ဖြင့် စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကွန်ကရစ်ဘလောက်တုံး အသုံးပြုဆောက်လုပ်မည့် အဆောက်အအုံ အုတ်မြစ်ချအခမ်းအနားတွင် **စာမျက်နှာ ၉ ကော်လံ ၆ သို့ ✳**

ယနေ့သတင်းအညွှန်း

ရှန်ဂရီလာဟိုတယ်အုပ်စု ငါးမန်းဆူးတောင်ဟင်းချိုရောင်းချမှု ရပ်ဆိုင်းမည်

❝နှစ်စဉ် ငါးမန်းကောင်ရေ ၇၃ သန်းအထိ သတ်ဖြတ်ခံနေရ❞

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

အောင်မြင်မှုကို အလွယ်တကူနှင့် မရနိုင်ကြောင်း နားလည်လာသည့် နာအိုမီဝက်တ်စ်

❝ဟောလိဝုဒ် ရုပ်ရှင်လောက၌ အရာရာတိုင်း အောင်မြင်မှုမရရှိနိုင်❞

အနုပညာသတင်း စာမျက်နှာ - ၅

အခွန်တံဆိပ်ခေါင်း အတုပြုလုပ်ရောင်းချမှုများ ဖော်ထုတ်အရေးယူနေ

❝တံဆိပ်ခေါင်းအတုမှန်းသိပါလျက် အစစ်အမှန်အဖြစ် အသုံးပြုလျှင် ပြစ်မှုဆိုင်ရာ ဥပဒေများအရ ထောင်ဒဏ်၊ ငွေဒဏ်များ ကျခံရနိုင်❞

ပြည်တွင်းသတင်း စာမျက်နှာ - ၇

နိုင်ငံတကာအားကစား ဟိန်းထက်လင်း

ဒေးဗစ်ဘက်ခမ်း အယ်လ်အေဂလက်ဆီအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် သဘောတူ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၀

မန်ယူနှင့် ရီးယဲလ်မက်ဒရစ် ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းသည် ယခုအခါ အယ်လ်အေဂလက်ဆီအသင်းနှင့် စာချုပ်သစ် ထပ်မံချုပ်ဆိုရန် သဘောတူခဲ့ကြောင်း သိရသည်။

အသက် (၃၆)နှစ်အရွယ် ဘက်ခမ်းအား ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းအပြင် အင်္ဂလန်ကလပ် အများအပြားကလည်း ခေါ်ယူရန် ကြိုးပမ်းခဲ့ကြသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဘက်ခမ်းက မိမိအား ကမ္ဘာတစ်လွှားရှိ ကလပ်အသင်းအတော်များများက ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း၊ သို့သော် မိမိသည် အမေရိကန်တွင် နေထိုင်ရသည်ကို ပျော်ရွှင်ကြောင်း၊ အယ်လ်အေဂလက်ဆီအသင်းနှင့် အတူကစားရသည်ကိုလည်း ကျေနပ်မိကြောင်း၊ ထို့ပြင် မိမိ၏ မိသားစုသည်လည်း အမေရိကန်တွင် အခြေတကျရှိနေပြီဖြစ်၍ မိမိအနေဖြင့် အခြားသို့ မပြောင်းရွှေ့လိုတော့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအပြင် ယခု အသစ် ထပ်မံချုပ်ဆိုမည့် စာချုပ်သစ်တွင် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ဗြိတိန်အသင်း၌ ပါဝင်ကစားခွင့်ပါ ပါရှိမည်ဖြစ်၍ မိမိအနေဖြင့် သဘောတူခဲ့ခြင်းဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ **အင်တာနက်။**

အယ်လ်အေဂလက်ဆီအသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သည့် ဒေးဗစ်ဘက်ခမ်း။

ဝါးတစ်မျိုးတည်းကိုအသုံးပြုကာ ဆောက်လုပ်လျက်ရှိသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။

အစားထိုးလောင်စာတစ်ရပ်အဖြစ် အာဖရိက၌ ဝါးကိုအသုံးပြုလာနိုင်

ဘာသာပြန် - သတင်းလုလင်

ကိပ်တောင်း ဇန်နဝါရီ ၂၀

အာဖရိကတိုက်၌ အစားထိုးသုံးစွဲနိုင်မည့် စွမ်းအင်အရင်းအမြစ်တစ်ရပ်အဖြစ် ဝါးကိုအသုံးပြုနိုင်ကြောင်း နိုင်ငံတကာ သစ်တောသိပ္ပံပညာရှင်တစ်ဦးက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

ဆာဟာရ သဲကန္တာရတောင်ပိုင်းရှိ အာဖရိကနိုင်ငံများ၌ ဝါးတောဟက်တာ ၂ ဒသမ ၇၅ သန်းကျော်ဖုံးလွှမ်းလျက်ရှိသည်။ ယင်းမှာ အာဖရိကတိုက်၏ စုစုပေါင်း သစ်တောဧရိယာ၏ ၄ ရာခိုင်နှုန်းခန့်နှင့် ညီမျှသည်။

အာဖရိကတိုက်၌ ကျေးလက်ပြည်သူများသည် နိစ္စဓူဝလောင်စာလိုအပ်ချက်အတွက် လောင်စာထင်းအပေါ် မှီခိုအားထားနေရသည်။ လောင်စာထင်းရရှိရန် သစ်ခုတ်လှဲမှုကြောင့် သစ်တောများပြုန်းတီးခဲ့ရကြောင်း၊ ယခုအခါတွင်မူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်အမြင်အရ သစ်ပင်မှ မီးသွေးထုတ်ယူမည့်အစား ဝါးပင်မှ မီးသွေး ထုတ်ယူနိုင်ကြောင်း၊ ဝါးမီးသွေးဆိုင်ရာ **စာမျက်နှာ ၉ ကော်လံ ၆ သို့ ❍**